# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၄၆)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇန်နဝါရီလ) အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၀၁ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့

## မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၃၂) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လုပ်ငန်းကော်မတီ

*စာမျက်နှာ ၄ ကော်လံ ၁* ❍




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ (၃၂) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မိုဘိုင်းဖုန်းကိုအသုံးပြု၍ ငွေပေးငွေယူကိစ္စ ( Mobile Financial Service) ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အဆိုပါကိစ္စရပ်များကို လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသော SIM Card များဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ကျူးလွန်သော ရာဇဝတ်မှုများကို လျှော့ချနိုင်ရန်၊ မိုဘိုင်းဖုန်းသုံးစွဲသူများက မိမိတို့၏ မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက်မှုကို တာဝန်ခံနိုင်စေရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၄ ခုနှစ်တွင် SIM Card မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ ကျင့်စဉ် (Code of Practice for Mobile Service User Registration) ကို ထုတ်ပြန်၍ စနစ်တကျ မှတ်ပုံတင်နိုင်ရေး မိုဘိုင်းအော်ပရေတာများသို့ အကြိမ်ကြိမ် ညွှန်ကြားခဲ့ပါသည်။

၂။ သို့ရာတွင် မိုဘိုင်းအော်ပရေတာများနှင့် အရောင်းဆိုင်များ၏ အားနည်းမှုကြောင့် စနစ်တကျ မှတ်ပုံတင်မထားသော SIM Card များစွာရှိသည့်အတွက် စနစ်တကျ မှတ်ပုံတင်နိုင်ရန် သတင်းစာများနှင့် မီဒီယာများမှ အသိပေးကြေညာခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ မှ ၂၀၁၇ ခုနှစ် ဇွန်လအထိ (၁၁)လ အချိန်ပေး၍ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်စေခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ မှတ်ပုံမတင်ခဲ့သော SIM Card (၆.၅) သန်းခန့်ကို အပြီးပိတ်သိမ်းခဲ့ရပါသည်။ ထိုစဉ်က SIM Card မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ်တစ်ခုလျှင် မည်မျှအထိ မှတ်ပုံတင်နိုင်သည်ကို ကန့်သတ်ခဲ့ခြင်းမရှိခြင်းကြောင့် အရောင်းဆိုင်များက

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၁) နှင့် (၂၂)တွင် ဖော်ပြထားပါသည်။




# မြန်မာ့အလင်း

## အပြောင်းအလဲနှင့် လူထုမှတ်ကျောက်

နွေပေါက်လာပြီဆိုသည်နှင့် မြန်မာပြည်တစ်လွှားတွင် သစ်ပင်ကိုင်းဖျားတို့ပေါ်က ဥဩသံချိုမြမြကို ကြားရပြီ။ စိမ်းရွှက်သစ်ပုရစ်ဖူးနုများနှင့် ရွက်ဝါရော်ကြွေတို့ ပြိုင်တူစုံဖက် လင်းလက်ဝင်းဝါသော၊ လှပလင်းပွင့်သော အချိန်အခါသမယဖြစ်ပေသည်။

သည်လိုအချိန် လမ်းမများထက်က ရှည်ရှည်လျားလျား ဆွဲငင်လိုက်သော မီးသတ်ဥဩသံများကမူ နိုင်ငံသားတို့အဖို့ စိုးရိမ်ထိတ်လန့်စရာများ၊ ပူပင်စရာများနှင့် ခြောက်ခြားနေစေပေသည်။

မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံအဖို့ နှစ်စဉ် တစ်နှစ်ပတ်လုံးလိုလို ခြိမ်းခြောက်နေသည်ဖြစ်သော်လည်း ယခုလို နွေပေါက်လာပြီဆိုလျှင်ဖြင့် ပို၍စိုးရိမ်နေရသည်မှာ အမှန်။

မီးဘေးရှောင် မလောင်ခင်တားဆိုသည်မှာ မီးဘေးအန္တရာယ်နှင့် ပတ်သက်လျှင် အမှန်ကန်ဆုံးအဆိုဟု ဆိုရမည်။ လောင်ပြီဆိုသည်နှင့် ဆုံးရှုံးမှုတို့ စပြီတည်း။ မလောင်ခင်က တားနိုင်လွန်းပါမှ၊ ထို့အတူကြိုတင်ကာကွယ်စရာရှိသည်များကို ပြင်ဆင်ထားပါမှ၊ မီးလောင်မှုမဖြစ်ပွားခင်ကတည်းက လူတို့ဘေးကင်းလုံခြုံစေရန် စီမံဆောင်ရွက်ထားနိုင်ပါမှ မီးဘေးမကျရောက်အောင် တားဆီးနိုင်မည်၊ မီးဘေးကျရောက်ပြီဆိုလျှင်လည်း ပြည်သူတို့အသက် အန္တရာယ်မထိခိုက်အောင် ကာကွယ်နိုင်မည်၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုကို နည်းပါးအောင် ထိန်းကွပ်နိုင်မည် ဖြစ်ပေသည်။

မီးဘေးအန္တရာယ်သည် ပူပြင်းခြောက်သွေ့လွန်းခြင်းစသည့် သဘာဝရာသီဥတုတို့ကြောင့် ဖြစ်တတ်သလို အခြားသော မတော်တဆမှုများနှင့် လူတို့ပေါ့ဆမှုကြောင့် ဖြစ်လေ့ရှိ၏။ မည်သို့ကြောင့်ဖြစ်ဖြစ် အချိန်မီ တားဆီးငြိမ်းသတ်နိုင်ပါမှ ထိခိုက်ဆုံးရှုံးနစ်နာမှုများကို လျော့ပါးသက်သာပေလိမ့်မည်။ ထို့ကြောင့် မလောင်ကျွမ်းမီ တားဆီးကာကွယ်ခြင်းနှင့် လောင်ကျွမ်းမှုဖြစ်ပွားခဲ့လျှင်လည်း ထိထိရောက်ရောက် ငြိမ်းသတ်နိုင်ရေးအတွက် ပြင်ဆင်ထားကြရပါသည်။ ပုံမှန်အားဖြင့် သဲ၊ ရေစိုအဝတ်၊ ရေတို့ဖြင့် ငြိမ်းသတ်၏။ မီးအန္တရာယ်များလျှင်များသလို မီးသတ်ယာဉ်များ အကူအညီယူကာ ရေဖြင့်ဖြစ်စေ၊ လိုအပ်လျှင်လိုအပ်သလို ဓာတုဆေးရည်တို့ဖြင့်ဖြစ်စေ ဖျန်းသတ်၏။ အထပ်မြင့် အဆောက်အအုံများနှင့် ကျယ်ပြန့်ကြီးမားသော သစ်တောကြီးများ လောင်ကျွမ်းလျှင် ကောင်းကင်မှ လေကြောင်းသွား ယာဉ်အမျိုးမျိုးအကူအညီဖြင့် ငြိမ်းသတ်၏။ မည်သို့သော နည်းများဖြင့် ငြိမ်းသတ်ကြသည်ဖြစ်စေ မီးဘေးအန္တရာယ်တားဆီးငြိမ်းသတ်နိုင်ရေးတွင် မီးသတ်သမားတို့၏ ဇွဲ၊ သတ္တိ၊ စွမ်းဆောင်ရည်နှင့် စိတ်သဘောထားတို့အပေါ် များစွာတည်မှီနေသည်ပဲ ဖြစ်၏။

လွန်ခဲ့သော ဆယ့်နှစ်နှစ်ခန့်က စက်ဆန်းရှိုဂိုဒေါင်အချို့ ဓာတုသိုလှောင်ပစ္စည်းများ ပေါက်ကွဲမီးလောင်သည့် ဖြစ်ပွားမှုကြီးမှ စတင်ကာ မြန်မာနိုင်ငံ မီးသတ်ရဲဘော်များ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ ကြိုးစားမှုဇွဲ၊ သတ္တိ၊ စွမ်းဆောင်ရည်နှင့် စိတ်သဘောထားတို့ကို ပြည်သူလူထုက သတိပြုမိခဲ့ကြသည်။ ချီးမွမ်းထောမနာပြုကြသည်။ အားပေးဝမ်းမြောက် သာဓုခေါ်ခဲ့ကြဖူးသည်။

လွန်ခဲ့သော ရက်များက လမ်းမတော်သံဈေး အဆောက်အအုံ မီးလောင်မှုကို ထိန်းသိမ်းငြိမ်းသတ်ခဲ့ကြသည့် ရန်ကုန်မြို့ရှိ မီးသတ်ဌာနများမှ တာဝန်ရှိသူများ၊ မီးသတ်ရဲဘော်များ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်ရည်ကို ပြည်သူလူထုက အားပေးဂုဏ်ပြုခဲ့ကြသည်။

ယင်းအဆောက်အအုံ ဆောက်လုပ်စဉ်က ထည့်သွင်းတည်ဆောက်ရန် လိုအပ်သော မီးဘေးကာကွယ်ရေး စံချိန်စံညွှန်းမပြည့်စုံမှုများကြောင့် အန္တရာယ်အလွန်များပြားသည့်ကြားမှ ထိခိုက်ဆုံးရှုံးမှု အနည်းပါးဆုံးဖြစ်အောင် တားဆီးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းမီးငြိမ်းသတ်နိုင်ခြင်းကို ပြည်သူတို့က ဂုဏ်ပြုကြခြင်းနှင့်အတူ ထိုဖြစ်စဉ်မျှကိုသာ မဟုတ်ဘဲ မြန်မာနိုင်ငံမီးသတ်ဌာနတစ်ခုလုံး၏ အထွေထွေ စွမ်းဆောင်ရည်ကို ချီးကျူးကြခြင်းဖြစ်ပေသည်။

နိုင်ငံတွင်း အပြောင်းအလဲများဟုဆိုရာတွင် အမှန်တကယ် ပြောင်းလဲဆောင်ရွက်ကြခြင်းဖြစ်လျှင် ပြည်သူတို့က ကောင်းစွာသတိပြုမိကြ၊ ကျေးဇူးတင်အသိအမှတ်ပြုကြသည်ကို တွေ့ရပါမည်။

အပြောင်းအလဲများ တိုးတက်မှုများအတွက် ပြည်သူလူထုသည် အကောင်းဆုံးသော မှတ်ကျောက်ဖြစ်ပေသည်ဟုတင်ပြရင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ဂုဏ်ပြုလိုက်ရပါကြောင်း။

## ထာဝရငြိမ်းချမ်းရေးစေတီတော် ရင်ပြင်တော် စကျင်တာရာဇိုခင်းခြင်း လုပ်ငန်းအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများနှင့် (၇) ရက်သားသမီးအလှူ့ရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကံ့ကော်ပန်းအဝိုင်းအနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားမှ အစပြု၍ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသကင်္န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအထိ မဟာမင်္ဂလာအခမ်းအနား (၉) မျိုးဖြင့် တည်ထားကိုးကွယ်လျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ဘုရား၊ စေတီများတွင် လှူဒါန်းခင်းကျင်းထားခြင်းမရှိသေးသည့် စကျင်တာရာဇိုအား ထာဝရငြိမ်းချမ်းရေးစေတီတော် ရင်ပြင်တော်၌ ခင်းကျင်းလှူဒါန်းသွားမည်ဖြစ်ရာ ၁၀ ပေပတ်လည် တစ်ကွက်လျှင် ငွေကျပ် ၈၀၀၀၀၀ နှုန်းဖြင့် အောက်ဖော်ပြပါနေရာများသို့ ကုသိုလ်ယူဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း<br>ညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန<br>(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးဆန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး၊<br>နေပြည်တော်<br>သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊<br>နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၇၆၅၁၀၆၂၇၂ |
| (၃) | ဦးကြင်ခိုင်<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊<br>ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင်<br>ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |
| (၅) | ဦးစိန်မော်<br>ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး | ၀၁-၆၆၅၅၂၉<br>၀၉-၈၆၀၂၁၆၃ |

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ

## ဥပ္ပါတသန္တိစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်အကြို သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်၏ (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၂၀၂၀ ပြည့်နှစ် မတ် ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော် အကြိုအဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် စုပေါင်း၍ စေတီတော်လုံးတော်နှင့် အထက်ပစ္စယာတို့ကို ရေသပ္ပာယ်သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အလားတူ ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့ ဦးဆောင်၍ စေတီတော်ရင်ပြင်တော်၌ သန့်ရှင်းရေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထက်လျှံ

## သီပေါပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သီပေါ ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို ယခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ပေါ်ကြိုဘုရားကြီးဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပေါ်ကြိုဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဒေသခံတိုင်းရင်းသားများတက်ရောက်ကြသည်။ **(ယာပုံ)**



ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်က လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ရေးအတွက် ရေးဆွဲထားသည့် စီမံချက်နှင့် ဆပ်ကော်မတီများအလိုက် ဖွဲ့စည်းထားမှုများကို ရှင်းလင်းဆွေးနွေးကာ တာဝန်များပေးအပ်သည်။

ဆက်လက်၍ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဆပ်ကော်မတီများအလိုက် ဆွေးနွေးကြပြီး ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ရှမ်း/မြန်မာ ကဇာတ်များနှင့် ရိုးရာယဉ်ကျေးမှုအကအလှများ၊ စင်တင်တေးဂီတများအပြင် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်သို့ လာရောက်ဖူးမြော်ကြမည့် တောင်ပေါ်နေ ဒေသခံသွေးချင်းများ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မြန်မာ့မီးရထားမှ ပွဲတော်ရက်များအတွင်း တစ်ရက်လျှင် အသွားအပြန် သုံးခေါက်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## စစ်ကိုင်းတိုင်းဒေသကြီး တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၄၅၈၂ ဒသမ ၉၀၆ သန်း ထုတ်ချေးမည်

မုံရွာ ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မိုးကြိုကာလ၊ မိုးရာသီနှင့် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများအတွက် ငွေကျပ် ၄၅၈၂ ဒသမ ၉၀၆ သန်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို JICA ချေးငွေမှ ငွေကျပ် ၃၆၇၇ ဒသမ ၆၀ သန်းနှင့် မြန်မာ့စီးပွားရေးဘဏ်(MEB)ချေးငွေမှ ငွေကျပ် ၉၀၅ ဒသမ ၃၀၆ သန်းတို့ကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၅ မြို့နယ်ရှိ တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးမျိုးမြင့်ဦးထံမှ သိရသည်။

တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများထုတ်ချေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း ထုတ်ချေးပေးမည်ဖြစ်သည်။

တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇)ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံအဖြစ် ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံစနစ်ဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း မန်နေဂျာ ဦးမျိုးမြင့်ဦးက ပြောသည်။

မွေးကြူဇင်




ဒုတိယသမ္မတ ဦးမြင့်ဆွေ GS1 Myanmar မိတ်ဆက်ပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ GS1 Myanmar မိတ်ဆက်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

GS1 Myanmar မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

### တက်ရောက်

မိတ်ဆက်ပွဲ အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးအောင်ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Myanmar Barcode Association ဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက GS1 ၏ သမိုင်းကြောင်းနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ GS1 Myanmar Barcode ဖြစ်ပေါ်လာရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် GS1 Myanmar Barcode ကို အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ Myanmar Barcode Association ဥက္ကဋ္ဌ ဦးဝေဖြိုးက GS1 Barcode ကို မြန်မာ Prefix ဖြင့် လွယ်ကူစွာရယူသုံးစွဲနိုင်ရေးအတွက် GS1 Global အဖွဲ့ဝင်ဖြစ်ရန် လိုအပ်ချက်အရ Myanmar Barcode Association ( MBA ) ကို ဖွဲ့စည်းခဲ့မှုအခြေအနေ၊ GS1 Myanmar ၏ ဝန်ဆောင်မှုများ၊ GS1 Myanmar Member အဖြစ် လျှောက်ထားနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြည်တွင်းထုတ်ကုန် ပစ္စည်းများအတွက် GS1 Myanmar Barcode သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်းနှင့် ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ Myanmar Barcode Association ဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း နာယက ဒေါ်ဝင်းဝင်းတင့်တို့က GS1 Myanmar မိတ်ဆက်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် GS1 Myanmar မိတ်ဆက်ပွဲ အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

### အကျိုးကျေးဇူးများ

မြန်မာနိုင်ငံ၏ ထုတ်ကုန်များကို ကမ္ဘာ့အဆင့်မီလာစေရန်အတွက် ကုန်ပစ္စည်းများတွင် Standard နှင့်အညီ အမှတ်တံဆိပ် တပ်ဆင်နိုင်မည်ဖြစ်ပြီး GS1 Myanmar Barcode အသုံးပြုခြင်းဖြင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိစေရန် ရည်ရွယ်၍ GS1 Myanmar Barcode မိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး GS1 Myanmar Barcode ကို သုံးစွဲခြင်းအားဖြင့် Supply Chain တစ်လျှောက် မည်သည့်နေရာတွင်မဆို ကုန်ပစ္စည်းနှင့် ပတ်သက်သော အချက်အလက်များကို တိကျမြန်ဆန်စွာ သိရှိနိုင်ခြင်း၊ ကုန်ပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်ခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးခြင်းနှင့် သိုလှောင်ခြင်းတို့တွင် စနစ်တကျ ထိန်းချုပ်နိုင်ခြင်းနှင့် GS1 Barcode များကို တစ်ကမ္ဘာလုံး လက်ခံသုံးစွဲသည့်အတွက် မိမိတို့၏ ကုန်ပစ္စည်းများကို ပြည်တွင်းရှိ မည်သည့်လက်လီဆိုင်များတွင်မဆို ရောင်းချနိုင်သည့်အပြင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင်လည်း အဆင်ပြေလွယ်ကူခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

### ❑ *ရှေ့ဖုံးမှ*

နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုဖြင့် SIM Card များစွာကို မှတ်ပုံတင်ပြီး အခြားသူများအားရောင်းချခြင်း၊ အချို့သူများက နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုဖြင့် SIM Card များ မှတ်ပုံတင်ဝယ်ယူပြီးအပြင်တွင် ပြန်လည်ရောင်းချခြင်းတို့ကြောင့် အချို့သော SIM Card များကို သုံးစွဲသူ၏ အချက်အလက်အမှန်ဖြင့် မှတ်ပုံတင်နိုင်ခဲ့ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ်ပြားတစ်ခုဖြင့် SIM Card (၂) ခုသာ မှတ်ပုံတင်ရောင်းချနိုင်ရေး ညွှန်ကြားခဲ့သော်လည်း(၃၁-၁-၂၀၂၀) ရက်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ်ပြား တစ်ခုလျှင် SIM Card (၂)ကတ်ထက် ပိုမိုမှတ်ပုံတင်ထားသော မိုဘိုင်းအော်ပရေတာအလိုက် SIM Card အရေအတွက်မှာ MPT တွင်(၁၂.၉၅)သန်းခန့်၊ MyTel တွင် (၄.၆)သန်းခန့်၊ Ooredoo တွင်(၄.၆)သန်းခန့်နှင့် Telenorတွင် (၆.၀၅)သန်းခန့် စုစုပေါင်း(၂၈.၂)သန်းခန့် ကျန်ရှိလျက်ရှိပါသည်။ အသေးစိတ်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| Operator | OML | MPT | Telenor | MyTel | Total |
|---|---|---|---|---|---|
| SIM 3 – 9 | 1,983,503 | 4,416,144 | 907,034 | 965,470 | 8,272,151 |
| SIM 10 – 19 | 1,436,496 | 1,435,379 | 679,564 | 696,946 | 4,248,385 |
| SIM 20 – 29 | 653,846 | 834,701 | 420,277 | 1,056,813 | 2,965,637 |
| SIM 30 – 39 | 284,146 | 578,937 | 305,722 | 835,124 | 2,003,929 |
| SIM 40 – 49 | 185,053 | 570,799 | 244,931 | 450,854 | 1,451,637 |
| SIM 50 – 99 | 54,866 | 1,389,764 | 750,040 | 394,152 | 2,588,822 |
| SIM 100 – 199 | 0 | 1,067,980 | 701,073 | 10,485 | 1,779,538 |
| SIM 200+ | 0 | 2,660,701 | 2,040,533 | 185,996 | 4,887,230 |
| Total | 4,597,910 | 12,954,405 | 6,049,174 | 4,595,839 | 28,197,328 |

၃။ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန် မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း သတ်မှတ်နည်းလမ်းများဖြင့် (၃၀-၆-၂၀၂၀) နောက်ဆုံးထား၍ ပြန်လည်မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

၄။ သုံးစွဲသူများသည် မိမိအသုံးပြုလျက်ရှိသော SIM Card သည် မိမိအမည်ဖြင့် မှန်ကန်မှု ရှိ မရှိ သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များတွင် လည်းကောင်း၊ Website နှင့် Mobile Application များ အသုံးပြု၍ လည်းကောင်း၊ မိမိကိုယ်တိုင် မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်နိုင်ပါသည်။

၅။ သုံးစွဲသူများ ပြန်လည်မှတ်ပုံတင်နိုင်ရေးအတွက် မိုဘိုင်းအော်ပရေတာများကလည်း လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ပေးကြမည် ဖြစ်ပါသည်။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် သို့မဟုတ် ယင်းလက်မှတ် အမှတ်ပါ အသိအမှတ်ပြုကတ်တစ်ခုခုဖြင့် (၂) ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှုပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာ မှတ်ပုံတင်ကြပါရန်နှင့် ဈေးကွက်အတွင်း ရောင်းချနေသော ကြိုတင်မှတ်ပုံတင်ထားသည့် SIM Card များကို ဝယ်ယူခြင်းမပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❍ *ရှေ့ဖုံးမှ*

(၅)ရပ်မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ချင်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာစီးပွားရေး အင်နီရှီတစ် (UMFCCI)၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကော်မတီ (၅)ရပ် ဖွဲ့စည်း

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် သုံးနှစ် သုံးလကျော်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် "လုပ်ငန်းကော်မတီ (၅)ရပ်"ကို ဖွဲ့စည်းခဲ့၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ခဲ့ရာ ပြီးခဲ့သည့် (၃၁)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် စုစုပေါင်း ၃၆၉ ချက်ကို "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် " မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ ပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များရှိသကဲ့သို့ အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဖြေရှင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သည့်အတွက် "လုပ်ငန်းကော်မတီ (၅)ရပ်" မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပြီး Public-Private Dialogue များပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့် ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း



ကုန်သည်/စက်မှု အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း

### ကုန်သွယ်မှုပမာဏ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် ကုန်သွယ်ရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိရာ "၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ကုန်သွယ်မှုပမာဏ"သည် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၄၇ ဘီလီယံရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇန်နဝါရီလ)အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၀၁ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းကုန်သွယ်မှုပမာဏတွင် "ပုဂ္ဂလိက ကဏ္ဍ"မှ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၉၅ ဘီလီယံ ပါဝင်သည့်အတွက် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် (၈၆ ရာခိုင်နှုန်း) အထိ ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် "ကုန်သွယ်ရေးကဏ္ဍ" သာမက "ရင်းနှီးမြှုပ်နှံမှုကဏ္ဍ" ကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ကြည့်လျှင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်သည် ၁၉၄၃ ခု၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၉၆၄ ဘီလီယံရှိ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက်အနေဖြင့် ၁၆၇၆ ခုနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၆၃ ဘီလီယံအပါအဝင် ငွေကျပ် ၂၀၂၃၂ ဒသမ ၇၂၀ ဘီလီယံ ရှိသည်ကို တွေ့ရပါကြောင်း။

### တရားမဝင် ကုန်သွယ်မှု

မြန်မာနိုင်ငံတွင် တရားမဝင် ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင် ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့် စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှု မြှင့်တင်ရန်အတွက် "တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ" ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အညွှန်းကိန်းများအပေါ် အခြေခံပြီး "အစိုးရမူဝါဒဆိုင်ရာလုပ်ငန်းကော်မတီ"၊ "ရောင်းလိုအားနှင့် ဝယ်လိုအားဆိုင်ရာ လုပ်ငန်းကော်မတီ" ၊ "ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ" နှင့် "အကောက်ခွန်လုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ" တို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် တရားမဝင်ကုန်သွယ်မှုများ ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် "တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့" များကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အထူးအဖွဲ့များအနေဖြင့် "၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ" မှ "၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ" အထိဖမ်းဆီးရရှိမှုမှာ ၂၇၀၉ ကြိမ် ရှိခဲ့ပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၁၆၂ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

Ease of Doing Business အဆင့် တိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်က ထုတ်ပြန်မည့် Doing Business 2021 Report တွင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်အထိ ဆောင်ရွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည့်အတွက် ကျန်ရှိသည့် နှစ်လကျော်ကာလအတွင်း "သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ" အနေဖြင့် စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သည့်အခါတွင် လက်ရှိနှုန်းထက် အဆပေါင်းများစွာ ကြိုးစားသွားရမည် ဖြစ်ပါကြောင်း၊ "ဌာနဆိုင်ရာများ" အနေဖြင့်လည်း မိမိတို့ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို အများပြည်သူသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ပေး

ထို့အပြင် ကမ္ဘာ့ဘဏ်၏ စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုကြသည့်အခါတွင် ဌာနဆိုင်ရာက ဖြေဆိုမှုထက် ပုဂ္ဂလိက ကဏ္ဍက ဖြေဆိုသည့် လက်တွေ့အခြေအနေများကို အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်ခြင်းဖြစ်သည့်အတွက် "ပုဂ္ဂလိကလုပ်ငန်းရှင်များ" အနေဖြင့် ဌာနဆိုင်ရာများက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကိုသိရှိပြီး စစ်တမ်းမေးခွန်းလွှာများကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်" အနေဖြင့်လည်း လိုအပ်နေသည့် ပံ့ပိုးချိတ်ဆက်မှုများကို ကူညီဆောင်ရွက်ပေးသွားရန် မေတ္တာရပ်ခံပြောကြားလိုပါကြောင်း။

### အရှိန်အဟုန်မြှင့်တင်

Ease of Doing Business အဆင့် တိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ အရှိန်အဟုန်မြှင့်တင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်" မှ Ease of Doing Business Task Force ဖွဲ့စည်းထားသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းအဖွဲ့အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် ချိတ်ဆက်ပြီး အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့်လည်း ဆွေးနွေးမည့် ကဏ္ဍများနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က Coronavirus Disease 2019 (COVID-19)ကြောင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများတွင် အကျိုးသက်ရောက်နိုင်မည့် ကိစ္စရပ်များအပေါ် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ Ease of Doing Business အဆင့် တိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Project Bank တည်ထောင်ထားရှိမှု အခြေအနေများ၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ကြုံနေရသည့် အခက်အခဲ တင်ပြချက်များကို လုပ်ငန်းကော်မတီ(၅) ရပ်အနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ဦးစွာတွေ့ဆုံ၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် " ချင်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း " ဥက္ကဋ္ဌ ဦးကပ်ခင်းပေါင်၊ " မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းရှင်များအသင်း " ဥက္ကဋ္ဌ ဒေါ်ခိုင်ဝေသွယ်၊ " မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် " ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် "မြန်မာစီးပွားရေးအင်နီရှီတစ် (UMFCCI) ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ " အတွင်းရေးမှူး ဒေါ်ခိုင်ဝေသွယ်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

အဆိုပါ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကဗျာဆရာညွှန့်သစ်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်လွမ်းဆွတ်ခြင်း အမှတ်တရ ကဗျာရွတ်ဆိုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၏ စာရေးဆရာများကြီးမှူး၍ ကဗျာဆရာ ညွှန့်သစ် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်လွမ်းဆွတ်ခြင်း အမှတ်တရ စာပေဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၏ ဥက္ကဋ္ဌ ဆရာကြည်နိုင်က အမှာစကားပြောကြားပြီး ဆရာ ညွှန့်သစ်နှင့် ပတ်သက်၍ ၎င်း၏စာပေမိတ်ဆွေများဖြစ်ကြသည့် ဆရာ ကျော်ကျော်ခင်၊ ဆရာ ဆောင်းဝင်းလတ်၊ ဆရာ အောင်ကောင်းမြစ်၊ ဆရာ ကောင်းကင်ပြာ၊ ဒေါက်တာတင်စံဦး၊ ပန်းချီဆရာ ယဉ်မင်းပိုက်တို့က အောက်မေ့ဖွယ်စကားများကို အမှတ်တရပြောကြားကာ ကဗျာဆရာ အောင်ဇင်မင်းနှင့် မိတ်ဆွေများက အမှတ်တရ ကဗျာများရွတ်ဖတ်ကြသည်။

"သာမန်အရပ်သားဆိုရင်တော့ ဘုန်းကြီးဆွမ်းကပ်တာမျိုးလုပ်ကြတာပေါ့။ ကဗျာဆရာ စာပေသမားအတွက်ကိုက စာပေပွဲ၊ ကဗျာရွတ်ပွဲလုပ်တာ အကောင်းဆုံးလို့ ယူဆလို့ အခုလိုကျင်းပပေးတာပါ။ ကဗျာဆရာ ညွှန့်သစ်ဖြတ်သန်းလာတာဆို ကျွန်တော့်အသက် ၄၀ ရှိပြီ။ ကျွန်တော်မမွေးခင်ကတည်းက သူစာရေးခဲ့တာ။ ဆရာ ညွှန့်သစ်က သူ့အသက် (၇၂)နှစ်အရွယ်က ၂၀၁၉ ဖေဖော်ဝါရီ ၂၀ ရက်မှာ ဆုံးသွားတာပါ။ ဆရာ ကဗျာတွေ အများကြီးရေးခဲ့ပါတယ်။ သိမ်းထားလို့ ကျန်ခဲ့တဲ့ကဗျာတွေလည်းရှိမယ်။ ပျောက်သွားတာတွေလည်းရှိတယ်။ ဆရာ့မှာ သားသမီး သုံးယောက်ရှိပါတယ်။ စာပေမျိုးဆက်ကတော့ မကျန်ခဲ့ပါဘူး" ဟု ဆရာစိုးစံသစ်က ပြောသည်။

**မွန်းဦးနဒီ**

✻ *ကျောဖုံးမှ*

ဒေသခံများအနေဖြင့် ခရီးသွားများ တည်းခိုရန် ယာယီဝါးတဲများ တည်ဆောက်ထားမှု၊ ခရီးသွားဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာနှင့် အခြေခံအဆောက်အဦလိုအပ်ချက်၊ နမ့်မွန်ကြီးရေတံခွန် ခရီးစဉ်အတွက် ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားမှုနှင့် အဆောက်အဦတည်ဆောက်ရန် အဆိုပြုပုံစံများ၊ ခရီးစဉ်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည့် အချက်များ၊ ရပ်ရွာလူထုပါဝင်သော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရေး ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးရန် ဆောင်ရွက်မည့်အခြေအနေနှင့် ပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ ရွှာင်မြို့နယ် ပန်းလောင်ပြဒါးလင်း သဘာဝဘေးမဲ့တောဆိုင်ရာ အချက်အလက်များနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စီမံချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နမ့်မွန်ကြီးရေတံခွန်ခရီးစဉ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးစဉ် အလားအလာကောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဒေသခံပြည်သူများ အလုပ်ရရှိရေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက နမ့်မွန်ကြီးရေတံခွန်ခရီးစဉ် စီမံကိန်းအား အနီးရှိ ခရီးသွားများ စိတ်ဝင်စားသည့် လိန်းလီတံတား၊ ဟားရေတံခွန်၊ ရေပူစမ်းတို့နှင့် ချိတ်ဆက်၍ သွားလာနိုင်သည့် နေရာဖြစ်အောင် Master Plan ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီ အကျိုးရှိသကဲ့သို့ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေရေးကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ခရီးသွားများအတွက် ဘေးကင်းလုံခြုံရေးအတွက် ရေလမ်းကြောင်း ကောင်းမွန်ရေးကို ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် အစားအသောက်များကို သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ခရီးစဉ်ဒေသ၌ သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့ကို ဂရုစိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ နမ့်မွန်ကြီးရေတံခွန်သည် အခြားသော ခရီးစဉ်ဒေသများနှင့် ဆက်စပ်သည့် နေရာတွင် တည်ရှိနေသည့်အတွက် ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားသားခရီးသွားများပါ လာရောက်မှုများပြားလာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အမြဲတမ်း သန့်ရှင်းသပ်ရပ်သာယာလှပနေရေးကို အထူးဂရုစိုက်ရန်လိုကြောင်း၊ ဒေသခံများအနေဖြင့် ဝါးလုပ်ငန်းနှင့် အခြားဒေသထွက်ပစ္စည်းအား လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန် လူ့စွမ်းအားမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သွားရန်လိုကြောင်း၊ ပြည်တွင်း ပြည်ပခရီးသွားများအတွက် အများသုံးသန့်စင်ခန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားရန် လိုကြောင်း မှာကြားသည်။

**ရေဝေရေလဲထိန်းသိမ်းမှု ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ပေါင်းလောင်းမြို့ရေဆိပ်မှ ရေယာဉ်ငယ်များဖြင့် ပေါင်းလောင်း ဆည်ပတ်ဝန်းကျင် ရေဝေရေလဲ ထိန်းသိမ်းထားရှိမှု၊ ဆည်အတွင်း ရေဝင်ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ရာ နမ့်မွန်ကြီးရေတံခွန်ရေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတက နမ့်မွန်ကြီးရေတံခွန် အဆင့်ဆင့် ရေစီးဆင်းနေမှု၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ခရီးသွားများ လာရောက်အပန်းဖြေအနားယူနေမှုနှင့် ခရီးစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည့် အခြေအနေများကို လိုက်လံကြည့်ရှုပြီး အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ခရီးသွားပြည်သူများနှင့်လည်းကောင်း အမှတ်တရဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် နမ့်မွန်ကြီးရေတံခွန်မှ ရေယာဉ်ငယ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ ပေါင်းလောင်းရေဆိပ်သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ခရီးသွားပြည်သူများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဆွဲဆောင်မှုရှိခရီးစဉ်ဖြစ်အောင်စီစဉ်**

နမ့်မွန်ကြီးရေတံခွန်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီသစ်တောကြိုးဝိုင်းအတွင်း ပေါင်းလောင်းမြို့၏ မြောက်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိပြီး ရေတံခွန်သည် ရေပြာရေတံခွန်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်မှုရှိသည့် ခရီးစဉ်တစ်ခုဖြစ်အောင် စီစဉ်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ခရီးသွား ၈၀၀၀၊ ၂၀၁၉ ခုနှစ်တွင် ခရီးသွား ၁၂၀၀၀ လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားများအတွက် စက်လှေဝန်ဆောင်မှုများ ကောင်းမွန်အောင် စီစဉ်ထားကြောင်း၊ နမ့်မွန်ကြီးရေတံခွန် ခရီးစဉ်ကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလတွင် ရေတံခွန်ဒေသတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အဆင်ပြေချောမွေ့စေရန် တည်းခိုဆောင်များနှင့် အပန်းဖြေစရာများကို နမ့်မွန်ကြီးရေတံခွန်ဒေသ၌ ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**“နမ့်မွန်ကြီးရေတံခွန်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီသစ်တောကြိုးဝိုင်းအတွင်း ပေါင်းလောင်းမြို့၏ မြောက်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိပြီး ရေတံခွန်သည် ရေပြာရေတံခွန်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်မှုရှိသည့် ခရီးစဉ်တစ်ခုဖြစ်အောင် စီစဉ်လျက်ရှိ၊ ၂၀၁၈ ခုနှစ်တွင် ခရီးသွား ၈၀၀၀၊ ၂၀၁၉ ခုနှစ်တွင် ခရီးသွား ၁၂၀၀၀ လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားများအတွက် စက်လှေဝန်ဆောင်မှုများ ကောင်းမွန်အောင် စီစဉ်ထား၊ နမ့်မွန်ကြီးရေတံခွန်ခရီးစဉ်ကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလတွင် ရေတံခွန်ဒေသတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေချောမွေ့စေရန် တည်းခိုဆောင်များနှင့် အပန်းဖြေစရာများကို နမ့်မွန်ကြီးရေတံခွန်ဒေသ၌ ဆောင်ရွက်ရန် စီစဉ်လျက်ရှိ”**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် (၄၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် – ရန်ကုန်၏ (၄၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိသူ သုံးဦး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု)ရရှိသူ ၃၅ ဦး၊ အထွေထွေသွားရောဂါကု ဒီပလိုမာဘွဲ့ရရှိသူ ငါးဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၁၃၃ ဦး စုစုပေါင်း ၁၇၆ ဦးတို့အား သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက ဘွဲ့များ အပ်နှင်းခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ပထမအဆင့်တွင် မော်လ်ဒိုက်ကစားသမား နာဘာဟာနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် ယင်းပွဲတွင် လက်ရည်အသာဖြင့် ကစားခဲ့ပြီး ၂၁-၁၅ မှတ်၊ ၂၁-၉ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအဆင့်တွင်မူ အီရန်ကစားသမား ဆိုရာယာနှင့် တွေ့ဆုံပြီး အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၂၁-၁၉ မှတ်၊ ၂၃-၂၁ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ကွာတားဖိုင်နယ်တွင် ဆလိုဗက်ကီးယား ကစားသမား မာတီနာနှင့် တွေ့ဆုံပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် အရေးနိမ့်ခဲ့သော်လည်း နောက်နှစ်ပွဲတွင် ပြန်လည်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဆီမီးဖိုင်နယ်တွင် မောရစ်သျှကစားသမား ကိတ်ဖိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၉ ခုနှစ်က ရရှိထားသည့် ချန်ပီယံဆုကို ပြန်လည်ကာကွယ်ရခြင်း ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်နှင့် ရုပ်သံရိုက်ကူးရေးသုံး ပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၇) ရပ်ကွက် စုပေါင်းရုံးလမ်း၌ ကျင်းပသည့် CMB Films Myanmar Co; Ltd ၏ ရုပ်ရှင်နှင့် ရုပ်သံရိုက်ကူးရေးသုံးပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

**ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖိတ်ခေါ်မှုများပြုလုပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်နိုင်သည့် အပိုင်းများကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ဖြေလျှော့မှုများလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အတူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်နှင့် လုပ်ငန်းရှင်များ၊ ရုပ်ရှင်လောကတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်မှုများနှင့်အတူ သွားရောက်လေ့လာမှုများလည်း ပြုလုပ်ခဲ့ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း ဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

မြန်မာ့ရုပ်ရှင်လောကသည် ယခင်နှစ်များထက် ပိုမိုတိုးတက်လာပါကြောင်း၊ ပြည်ပမှ ရိုက်ကူးရေးအဖွဲ့များကိုလည်း ပြည်တွင်းသို့ ဖိတ်ခေါ်ကာ ရိုက်ကူးမှု ခွင့်ပြုခဲ့ပါကြောင်း၊ ထိုသို့လာရောက်ရိုက်ကူးမှုများကြောင့် မိမိတို့နိုင်ငံ၏ ရိုက်ကူးရေးသုံးပစ္စည်းလိုအပ်ချက်များကိုလည်း သိရှိလာရပါကြောင်း၊ ယခုကဲ့သို့ ရိုက်ကူးရေးအတွက်လိုအပ်သော ဆက်စပ်ပစ္စည်းများကို ဒေသတွင်းနိုင်ငံများ၏ စံနှုန်းများနှင့်အညီ လွယ်ကူစွာ ငှားရမ်းသုံးစွဲနိုင်မည့်အတွက် အကျိုးကျေးဇူးများစွာရရှိမည့်၊ အထောက်အကူပြုမည့် လုပ်ငန်းတစ်ရပ်ဟု မြင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရုပ်ရှင်နှင့် ရုပ်သံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ရုပ်ရှင်နှင့် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးမည့် လုပ်ငန်းတစ်ရပ်ပေါ်ပေါက်လာသည့်အတွက် ခွန်အားတစ်ရပ်ဖြည့်ဆည်းပေးသည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် Forever Group ၏ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်က ဝန်ဆောင်မှုလုပ်ငန်း ထူထောင်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ကြိုဆိုဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ CMB Film ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ Mr. Jim Baltazar ၊ Forever Group ၏ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်နှင့် ဒါရိုက်တာ ဦးခင်မောင်ဌေးတို့က ရုပ်ရှင်နှင့် ရုပ်သံရိုက်ကူးရေးသုံးပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ရုပ်ရှင်နှင့် ရုပ်သံအတွက် ဝန်ဆောင်မှုပေးမည့် ရိုက်ကူးရေးသုံးပစ္စည်းများပြသထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

**ရိုက်ကူးရေးသုံးပစ္စည်းများပြသထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရုပ်ရှင်နှင့် ရုပ်သံအတွက် ဝန်ဆောင်မှုပေးမည့် ရိုက်ကူးရေးသုံးပစ္စည်းများပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ရုပ်ရှင်နှင့် ရုပ်သံဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန်ပြင်ဆင်နေ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ Myanmar Media Development Center (MMDC) သို့သွားရောက်ကာ ရုပ်ရှင်၊ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ Forever Group နှင့် နိုင်ငံတကာအဖွဲ့များ ပူးပေါင်းပြီး ရုပ်ရှင်နှင့် ရုပ်သံဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တိုးချဲ့နှစ်ထပ် ရုံးအဆောက်အဦအသစ် ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး မြေရိယာအတွင်းရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တိုးချဲ့နှစ်ထပ်ရုံး အဆောက်အဦအသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တိုးချဲ့ရုံးအဆောက်အဦအတွင်း လိုအပ်သော ရုံးသုံးပရိဘောဂများ ရရှိရေး၊ ရေရရှိရေး၊ လျှပ်စစ်မီး ရရှိရေးတို့အတွက် ထပ်မံလိုအပ်သောဘဏ္ဍာငွေကို အချိန်မီ လျာထားတင်ပြတောင်းခံသွားရန်နှင့် ရုံးပတ်ဝန်းကျင် စိမ်းစိုသာယာလှပအောင် ဆောင်ရွက်ထားရန် မှာကြားသည်။

**အချိန်မီပြီးစီးအောင် ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)အတွက် ဆောက်လုပ်နေသည့် RC သုံးထပ် ရုံးသစ် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ အဆောက်အဦအထူးအဖွဲ့(၄) တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်း၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရေး မှာကြားသည်။

**ကျောက်စိမ်းများ သိုလှောင်ထားရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဖမ်းဆီးရမိကျောက်စိမ်းများ ထိန်းသိမ်းစောင့်ရှောက်ထားသော နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံပိုင် ငါးဧကကျောက်စိမ်းသိုလှောင်ရုံများရှိ ဖမ်းဆီးရမိကျောက်စိမ်းများ သိုလှောင်ထားရှိမှုကို လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် တင်ပြရောင်းချရန်အတွက် ကျောက်အတွဲများ ဖွဲ့စည်းထားရှိမှုကို လည်းကောင်း၊ ယာယီလက်ခံသိမ်းဆည်းပေးထားသည့် ကျောက်စိမ်းများကို လုံခြုံမှုအာမခံအခန်းအတွင်း သိုလှောင်သိမ်းဆည်းထားရှိမှုများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်သည့်ကုမ္ပဏီများက အပ်နှံထားရှိသည့် ၁၅ ဧက ကျောက်စိမ်းသိုလှောင်ရုံများရှိ အကျိုးတူ ကျောက်စိမ်းများ သိုလှောင်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဖရဲ၊ သခွားမွှေးပွဲတော် ရန်ကုန်ကန်တော်ကြီး မြေပဒေသာကျွန်း၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီး (ဆင်ဖြူကျွန်းနှင့် မြေပဒေသာကျွန်း)၌ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဦးဆောင်၍ ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိ ဖရဲ၊ သခွားမွှေးပွဲတော်ကြီးကို ကျင်းပသွားမည်ဖြစ်ကြောင်း အင်းစိန်မြို့နယ် တညင်းကုန်း လက်ကားဈေးကြီး တိုက်အမှတ် (၁၇/B)တတိယထပ် ၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်သော COVID – 19 ဗိုင်းရပ်စ်ကြောင့် လက်ရှိကြုံတွေ့နေရသည့် စိုက်ပျိုးတောင်သူများအခက်အခဲ စာနယ်ဇင်းရှင်းလင်းပွဲ မှ သိရသည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**

## စွမ်းအားမြှင့်မီးဖို အခမဲ့ဖြန့်ဖြူး

**တောင်ငူ ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၀ ရက်က အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု၌ စွမ်းအားမြှင့်မီးဖို ကျေးရွာအရောက် အခမဲ့ဖြန့်ဖြူးပေးသည်။

အဆိုပါဖြန့်ဖြူးခြင်းကို အုတ်တွင်းမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၅ အုပ်စု၊ ကျေးရွာခွဲပေါင်း ၉၅ ရွာတွင် စွမ်းအားမြှင့်မီးဖို အလုံးပေါင်း ၁၀၆၀၀ ဖြန့်ဖြူးရန် လျာထားခဲ့ပြီး ပထမနှစ်စီမံကိန်းအရ စွမ်းအားမြှင့်မီးဖို အလုံးပေါင်း ၅၃၀၀ ကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီလနောက်ဆုံးပတ်အထိ ကျေးရွာအုပ်စု ၁၃ အုပ်စု ကျေးရွာခွဲ ၄၆ ရွာတွင် မီးဖို အလုံး ၅၃၀၀ ကို သုံးစွဲမည့်သူများထံ လက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

# မကွေးတိုင်းဒေသကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ်(COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ် (COVID – 19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အချိန်မရွေးဖြစ်ပွားနိုင်**

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မကွေးတိုင်းဒေသကြီးသည် ဧရိယာအကျယ်အဝန်းများပြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ကြကာ နေရပ်သို့ပြန်လာသူများ မြို့နယ်အနှံ့အပြားသို့ ရောက်လျက်ရှိသောစာရင်းကို သုံးသပ်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး၌ ဤရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ရန် နယ်စပ်မြို့များ၌ အရေးကြီးသည်နှင့် အလားတူအရေးကြီးပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားကူးစက်မှုများ ဆက်လက်များပြားလျက်ရှိနေပါကြောင်း၊ မိမိတို့ နိုင်ငံတွင် လက်ရှိ၌ ကိုရိုနာဗိုင်းရပ်စ် (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူများ မတွေ့ရှိရသေးသော်လည်း အချိန်မရွေး ဖြစ်ပွားတွေ့ရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်း၌ ရှိသော နီးနွယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် မိမိတို့၏ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများသည်စနစ်တကျ ချိတ်ဆက်ပူးပေါင်းကာ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထိုသို့ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နေစဉ် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလူနာများ ရုတ်တရက် ဖြစ်ပွားပေါ်ပေါက်ပါက သီးခြားထားရှိ ကုသမှုပေးရန်အတွက် မကွေးပြည်သူ့ဆေးရုံကြီး၌ ယခု အသစ်ဆောက်လုပ်ပြီးစီးပြီး အသုံးမပြုရသေးသည့် ငါးထပ်ဆောင်သစ်၌ စီစဉ်ထားရှိသည်မှာ ကောင်းမွန်ပါကြောင်း၊ ယခုကာလ၌ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများသည် ရောဂါထပ်မံပြန့်ပွားမှု မရှိစေရန် အရေးအကြီးဆုံးဖြစ်သည့်အတွက် အထူးကြပ်မတ်ကုသဆောင် (ICU) များတွင် လိုအပ်သည့် အသက်ရှူစက်များ၊ လူနာ၏ အခြေအနေကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုနိုင်သည့် စက်ကိရိယာ များ အစရှိသည်တို့ကို ဗဟိုမှ ထပ်မံဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနသည် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် အစည်းအဝေးကို နေ့စဉ်ပြုလုပ်ကာ ကုသရေးဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာနှင့် ကပ်ရောဂါ ဗေဒထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို အမြဲမပြတ်ပေးအပ်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုံးစုံသော ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများသည် အဓိကညှိနှိုင်းကွပ်ကဲသူများအဖြစ်လည်းကောင်း၊ မြို့နယ်များတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး (TMO) များ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် အခြေခံကျန်းမာရေး ဝန်ထမ်းပညာရှင်များက လက်တွေ့မြေပြင်တွင်လည်းကောင်း ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

**ရောဂါကာကွယ်ထိန်းချုပ်ရေး**

ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ဆောင်ချက်များ၊ ဝန်ထမ်းများအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများနှင့် ပြည်သူများအတွက် ကျန်းမာရေး အသိပေးနှိုးဆော်မှုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် ဝန်ကြီးဌာန၏ လူမှုကွန်ရက် စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးရှိ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လုပ်ဆောင်ချက်များကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး အတွက် ဝန်ကြီးဌာန၏ အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများကို အမြဲမပြတ်





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မကွေးတိုင်းဒေသကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ်(COVID–19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

အချိန်နှင့် တစ်ပြေးညီ ကြည့်ရှုလေ့လာသုံးသပ်၍ မိမိတို့၏ တိုင်းဒေသကြီးနှင့် လိုက်လျောညီထွေဖြစ်မည့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို လုပ်ဆောင်စေလိုပါကြောင်း။

**ကောင်းမွန်သောလက္ခဏာ**

ဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) မှ COVID–19 ရောဂါပိုးဓာတ်ခွဲအဖြေရှာမှုကို ပြုလုပ်နိုင်ပြီဖြစ်သဖြင့် စောင့်ကြည့်လူနာနှင့် သံသယလူနာများအား ခြောက်နာရီအတွင်း စစ်ဆေးအဖြေထုတ်နိုင်ပြီဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ရှိ နီးနွယ်ဌာနများ၏ ပူးပေါင်းကူညီမှုများကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများ အတွက် ကောင်းမွန်သော လက္ခဏာတစ်ရပ် ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ ပြောကြားချက်ဖြစ်သော ဤရောဂါဖြစ်ပွားသူ ၁၀၀ လျှင် ၈၀ ရာခိုင်နှုန်းမှာ မပြင်းထန်သော သာမန်လက္ခဏာကို သာခံစားရခြင်း၊ ၁၅ ရာခိုင်နှုန်းမှာ ပြင်းထန်သည့်ရောဂါခံစားရခြင်း၊ ၅ ရာခိုင်နှုန်းမှာ အထူးပြင်းထန်စွာ ရောဂါခံစားရခြင်းဖြစ်ပွားသည်ဟု သိရှိရသည့်အချက်မှာ ပြည်သူ့ကျန်းမာရေး ရှုထောင့်နှင့် ကုသရေးရှုထောင့်မှ အရေးကြီးသည့် သတင်းအချက်တစ်ချက်ဟု သတ်မှတ်၍ ရသည့်အပြင် မိမိတို့နိုင်ငံ၌ ရောဂါဖြစ်ပွားမှု ရှိလာပါကလည်း ဤပုံစံအတိုင်း ဖြစ်နိုင်ပါကြောင်း၊ ဝန်ကြီးဌာနရှိဆေးရုံများ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို စိတ်နှလုံးသွင်း၍ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေးနှင့် အကယ်၍ ရောဂါဖြစ်ပွားသူများရှိပါကလည်း ပြန့်ပွားကူးစက်မှု မရှိစေရေးနှင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေး ဆက်လက် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် မိမိတို့ သက်ဆိုင်ရာနေရာဒေသအလိုက်၊ ကျန်းမာရေးရှုထောင့်မှသာမက လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး စသည်ဖြင့် ရှုထောင့်အမျိုးမျိုးကိုပါ ထည့်သွင်းစဉ်းစား၍ အသင့်တော်ဆုံးသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို သက်ဆိုင်သူအားလုံးမှ ဝိုင်းဝန်းဆုံးဖြတ်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိလွင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် COVID–19 ရောဂါဖြစ်ပွားမှု အခြေအနေနှင့် လက်ရှိ နောက်ဆုံးရှာဖွေတွေ့ရှိချက်များအပေါ်မူတည်၍ ရောဂါ၏ ကူးစက်ပျံ့နှံ့ပုံများကို လည်းကောင်း။

**ရှင်းလင်းပြောကြား**

ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုနေမှုများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ ဆေးရုံများတွင် ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (တာဝန်) (ကျန်းမာရေး အသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုးက ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအား ကျန်းမာရေး အသိပညာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်နေမှုနှင့် အသိပေးနှိုးဆော်မှုများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က မကွေးတိုင်းဒေသကြီးအတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက မကွေးတိုင်းဒေသကြီးတွင် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အစိုးရအဖွဲ့မှ ဆက်လက်ပံ့ပိုးသွားမည့်အစီအစဉ်များကို ပြောကြားသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး မတွေ့ရှိရသော်လည်း ၄၈ နာရီစောင့်ကြပ်ကြည့်ရှုရမည့် စောင့်ကြည့်လူနာ ရှစ်ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့်ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၁-၂-၂၀၂၀ ရက် ည ၈ နာရီမှ ၂၂-၂-၂၀၂၀ ရက် ည ၈ နာရီအထိ ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ် မရှိပါကြောင်း။

ယနေ့ ၂၂-၂-၂၀၂၀ ရက် နံနက်ပိုင်းတွင် ရည်ညွှန်းဓာတ်ခွဲခန်းမှ ပြန်ကြားချက်အရ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှု ခံယူလျက်ရှိသော စောင့်ကြည့်လူနာတစ်ဦး၏ ဓာတ်ခွဲအဖြေတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ရောဂါပိုးမရှိကြောင်းကို သိရှိရသည်။

၂၂-၂-၂၀၂၀ ရက် ညနေ ၆ နာရီအထိ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များအရ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ရောဂါပိုး မတွေ့ရှိရသော်လည်း (၄၈) နာရီစောင့်ကြပ်ကြည့်ရှုရမည့် စောင့်ကြည့်လူနာ ရှစ်ဦးရှိပြီး ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ အသိပညာပေးဟောပြော

**ရမည်းသင်း ဖေဖော်ဝါရီ ၂၂**

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ( COVID – 19 ) အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှလှဌေးက ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လူမှုရေး အသင်းအဖွဲ့ များက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ကုသရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ရမည်းသင်းခရိုင် အမျိုးသမီး ကော်မတီအဖွဲ့ဝင် အေးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရင်ခွင်မဲ့ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး တက်ရောက်လာသူများကို ကိုရိုနာဗိုင်းရပ်စ်( COVID–19) ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

# နှစ် ၁၀၀ ပြည့် ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးသို့....

**မြန်မာ့ပညာရေးသမိုင်းတွင် အစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် နှစ် ၁၀၀ ပြည့်မြောက်တော့မည် ဖြစ်သည်။**



ဒေါက်တာဒေါ်ခင်ဆွေမြင့်
မြန်မာစာဌာန ပါမောက္ခဌာနမှူး(ငြိမ်း)



ဦးရာဇာစိုးညွန့်
ဒုတိယညွှန်ကြားရေးမှူး

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်စတင်ကြောင်း ကြေညာခြင်းအခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ် ရာပြည့် အထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်းပွဲတော်၊ ရန်ကုန်တက္ကသိုလ်၏ ဖြစ်တည်မှု သမိုင်းပုံရိပ်များကို ပြသသည့် ရာပြည့်အမှတ်သညာပွဲတော်၊ တက္ကသိုလ်နှင့် ဆက်နွှယ်သော ရုပ်ရှင်ဇာတ်ကားများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများ၊ တေးဂီတဖျော်ဖြေပွဲများကို ကျင်းပလျက်ရှိသည်။

သမိုင်းစဉ်လာ ကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်တစ်ခုဖြစ်ရာ ရန်ကုန်တက္ကသိုလ်နှင့် ဆက်နွှယ်ပြီး ရေးသားဖော်ကျူးထားသည့် စာပေ၊ ဂီတ၊ ရုပ်ရှင်ပုံရိပ်များကလည်း အများအပြားပင်။

ဘွဲ့နှင်းသဘင်၊ အဓိပတိလမ်း၊ ဂျပ်ဆင်၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ စစ်ကိုင်းလမ်း၊ ပုဂံလမ်း၊ ချစ်သူလမ်းကြား၊ သစ်ပုပ်ပင်၊ အင်းလျားဆောင်အပါအဝင် အဆောင်များ၊ စာကြည့်တိုက် စသည့်ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်များကလည်း အမိတက္ကသိုလ်ရင်ခွင်တွင် ပညာရှာမှီးကြသူ ကျောင်းသားကျောင်းသူများ၏ ရင်ထဲ အမြဲအမှတ်တရ လွမ်းဆွတ် ကြည်နူးဖွယ်ရာများသာ။

ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးကို ကျောင်းသားဟောင်းကြီးများက အစဉ်ထာဝရ လွမ်းဆွတ် သတိတရ ရှိကြသည့်နှယ် လက်ရှိ မျိုးဆက်သစ်များကလည်း ဂုဏ်ယူမဆုံးရှိကြသည်မှာ ---

**ဒေါက်တာဒေါ်ခင်ဆွေမြင့်**
**မြန်မာစာဌာန ပါမောက္ခဌာနမှူး(ငြိမ်း)**
**ရန်ကုန်တက္ကသိုလ်**
**မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်**

ရန်ကုန်တက္ကသိုလ်ဆိုတာ တက္ကသိုလ်တက်ဖူးတဲ့သူတိုင်း ချစ်ကြတဲ့၊ လွမ်းကြတဲ့ ရုပ်ဝန်းတစ်ခုပါ။ တက္ကသိုလ်ကြီးက နှစ် ၁၀၀ ပြည့်လာပြီ။ တော်တော်ကြီးကို ရင့်ကျက်မှု၊ တည်ငြိမ်မှု၊ တည်ကြည်မှုရှိလာတယ်။ နှစ် ၁၀၀ ကာလပတ်လုံးမှာ ပညာတတ်မြောက်သူများစွာကို မွေးဖွားပေးခဲ့တယ်။ မွေးဖွားပေးခဲ့တဲ့အတွက်ကြောင့် ပညာတတ်များစွာဟာ နိုင်ငံတော်အတွက် သူတို့စွမ်းအားသန်ရာ နေရာကနေ တာဝန်တွေ ထမ်းဆောင်ကြတယ်။ ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ရင်းနဲ့ နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်းတွေလုပ်ကြတယ်။ ရန်ကုန်တက္ကသိုလ် အနေနဲ့ကြည့်မယ်ဆိုရင်၊ ကိုယ့်ကျေးဇူးရှင်ဖြစ်တဲ့အတွက် ဒီတက္ကသိုလ်ကြီး ပိုပြီးဖွံ့ဖြိုးတိုးတက်အောင် တက္ကသိုလ်ကြီးက တကယ်ကို နိုင်ငံ့အတွက် တန်ဖိုးရှိတဲ့၊ အကျိုးရှိတဲ့ ပညာတတ်တွေ၊ ကိုယ့်လူမျိုးအတွက် ကိုယ့်နိုင်ငံအနာဂတ်အတွက်၊ ပစ္စုပ္ပန်အတွက် ကောင်းစွာအကျိုးပြုတဲ့သူတွေ မွေးဖွားလာနိုင်ဖို့အရေးကြီးတယ်။ မွေးဖွားဖို့အတွက်လည်း ကိုယ်ကိုယ်တိုင်က ပါဝင်နိုင်ဖို့အတွက် ကြိုးစားခဲ့တယ်။ ကိုယ်ကိုယ်တိုင်ကျောင်းသူဘဝကို ဖြတ်သန်းနေတယ်။ ဆရာမဖြစ်လာတယ်။ အခုအချိန်ထိ ရန်ကုန်တက္ကသိုလ်လာပြီး ပညာသင်ကြားပို့ချပေးနေတယ်။ တက္ကသိုလ်ကျေးဇူးကို တစ်ဖက်က ဆပ်နေတာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်ကြီးကို ဖွံ့ဖြိုးစေဖို့ထွက်ပေါ်လာတဲ့ ကျောင်းသားကျောင်းသူတွေ တစ်နည်းအားဖြင့် ရန်ကုန်တက္ကသိုလ် အသီးအပွင့်တွေ မွေးပျံ့သာယာလှပစိုပြည်စေဖို့ နိုင်ငံတော်ကြီးကို သာယာလှပမွေးပျံ့စေပြီး ဂုဏ်သိက္ခာရှိအောင် နိုင်ငံတကာက လေးစားတဲ့လူမျိုးတွေဖြစ်အောင် ဝိုင်းဝန်းကြဖို့ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ပြည့်တုန်းက ကျောင်းသူအဖြစ် ဆုံခဲ့ကြုံခဲ့တယ်။ ၇၅ နှစ်ပြည့်တော့ ဒီတက္ကသိုလ်မှာ ကထိကအဖြစ်



ဒေါက်တာ လေးငုံ(ကထိက)
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

တာဝန်ထမ်းဆောင်ခဲ့တယ်။ ၇၅ နှစ်ပြည့် အထိမ်းအမှတ်တုန်းက ရန်ကုန်တက္ကသိုလ်မှာ အများကြီးလုပ်ခဲ့ပါတယ်။ ဆရာမတို့ကိုယ်တိုင်တာဝန်ယူပြီး လုပ်ခဲ့တယ်။ မြန်မာစာအဖွဲ့ တောင်ငူဆောင်က ယခင်ကျောင်းသားအဆောင် ဖြစ်ခဲ့တဲ့အတွက် ကျောင်းသားဟောင်းတွေကပါ ပါဝင်ပြီး အာစရိယပူဇော်ပွဲတွေ၊ မဂ္ဂဇင်းတွေ ထုတ်ဝေခဲ့တယ်။ အမှတ်တရသီချင်းတွေ ထွက်ခဲ့တယ်။ မြန်မာစာကျောင်းသူတွေရဲ့ ဖျော်ဖြေမှုတွေလည်းရှိတယ်။ အထိမ်းအမှတ်တွေ လုပ်ခဲ့တဲ့ ထူးခြားချက်ကတော့ တောင်ငူဆောင်အနေနဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေက မြန်မာစာမိသားစုတွေ စုပေါင်းပြီး ကျွန်းပင်ကြီးတစ်ပင်စိုက်ခဲ့တယ်။ အခုဆိုရင် ကျွန်းပင်ကြီးက ၂၅ နှစ်ပြည့်ခဲ့ပြီ။ ရန်ကုန်တက္ကသိုလ် ၇၅ နှစ်ပြည့် အထိမ်းအမှတ် ကျွန်းပင်စိုက်ခဲ့တယ်။ အခု နှစ် ၁၀၀ ပြည့်အတွက်လည်း အထိမ်းအမှတ်တွေ လုပ်ကြပါလိမ့်မယ်။ ရန်ကုန်တက္ကသိုလ် ပါရဂူအကြိုတန်းမှာ ဆရာမက ဂန္ထဝင်စာပေနှစ်ရပ်ဖြစ်တဲ့ ချောင်းနဲ့ ပျို့စာပေနှစ်ရပ်ကို ပို့ချပါတယ်။ အထိမ်းအမှတ်နှစ်တွေကို ကျော်ဖြတ်ပြီး အထိမ်းအမှတ်တွေနဲ့ စည်ကားဝေဆာပြီး တိုင်းပြည်အတွက် တန်ဖိုးရှိတဲ့ ပညာတတ်တွေ မွေးထုတ်ပေးတဲ့ တက္ကသိုလ်ကြီးဖြစ်စေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

**ဦးရာဇာစိုးညွန့်(ဒုတိယညွှန်ကြားရေးမှူး)**
**ရှေးဟောင်းသုတေသနနှင့်**
**အမျိုးသားပြတိုက်များဦးစီးဌာန**

ကျွန်တော်က ဒီဌာနရောက်တာ မကြာသေးဘူး။ ရှေးဟောင်းမရောက်ခင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှာ တွဲဖက်ပါမောက္ခအထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်လို့ အမှတ်တရတွေကတော့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးကို မြင်တိုင်းနှစ်ခါလွမ်းရတယ်။ ဝိဇ္ဇာသိပ္ပံပေါင်းပြီး မဟာစာမေးပွဲတွေ ရေးဖြေ ဖြေကြရတယ်။ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန မော်ကွန်းထိန်းကြီးက ဆရာကြီး ဦးဝင်း

*စာမျက်နှာ ၉ သို့*



မြန်မာနိုင်ငံ ပထမဆုံး ပါမောက္ခ ဦးဖေမောင်တင် ရုပ်တုနှင့် စိန်ရတုအထိမ်းအမှတ် စိုက်ပျိုးခဲ့သော ကျွန်းပင်ကြီးအား တွေ့ရစဉ်။



ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး၏ အထင်ကရဖြစ်သော ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။

“သမိုင်းစဉ်လာကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်တစ်ခုဖြစ်ရာ ရန်ကုန်တက္ကသိုလ်နှင့် ဆက်နွှယ်ပြီး ရေးသားဖော်ကျူးထားသည့် စာပေ၊ ဂီတ၊ ရုပ်ရှင်ပုံရိပ်များကလည်း အများအပြားပင်”

*စာမျက်နှာ ၈ မှ*

ကို ရေးဖြေမစခင် အောင်မောင်း၊ အောင်စည်ရွှမ်းပြီး "မဟာစာမေးပွဲများစပြီ"လို့ ကြေညာတယ်။ ပြီးရင်လည်း "မဟာစာမေးပွဲများပြီးပြီ"လို့ ကြေညာတယ်။ ဒါကြောင့်မို့ ဘွဲ့နှင်းသဘင်အဆောက်အအုံမြင်တိုင်း စာမေးပွဲများဖြေခဲ့ရတာရယ်၊ ဘွဲ့ယူချိန်ရယ် နှစ်ခါလွမ်းရတယ်။ ဘွဲ့ယူတိုင်းကြားခုံထိုးပြီး ယူခဲ့ရတာလည်း မမေ့ဘူး။ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံရွှေရတုပွဲ၊ မြန်မာစာ၏ စိန်ရတုအကြို နှစ်(၆၀)ပွဲတွေမှာ ကဏ္ဍတိုင်းမှာ ပွဲအစအဆုံးနီးပါး ပါဝင်ဆောင်ရွက်ခွင့်ရခဲ့တယ်။ အခု ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲကို ကြုံရပြီ။ ပျော်တယ်။ ကြည်နူးတယ်။ ရွှေတိဂုံအနောက်မုခ်စက်လှေကားတပ်ဆင်ဖို့ အလှူခံတာကိုလည်း ဆောင်ရွက်ခဲ့တယ်။ အထူးပြောချင်တာက စာများများ ဖတ်ကြပါ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဒေါက်တာလေးငုံ (ကထိက)**
**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်ကို မြန်မာစာဂုဏ်ထူးတန်းနဲ့ စရောက်တယ်။ ပထမနှစ်ဂုဏ်ထူးတန်းတက်တော့ ရန်ကုန်တက္ကသိုလ်မှာ နယ်ပေါင်းစုံက ကျောင်းသားကျောင်းသူတွေနဲ့ စည်ကားတယ်။ ပျော်စရာကောင်းပါတယ်။ နွေရာသီ



ရန်ကုန်တက္ကသိုလ်၏ အထိမ်းအမှတ်တစ်ခုဖြစ်သည့် ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကို တွေ့ရစဉ်။

ကျောင်းပိတ်ရက်ရောက်ရင် တစ်ယောက်နဲ့ တစ်ယောက်လွမ်းကြတယ်။ အခုလိုဖုန်းတွေ မရှိသေးတော့ စာလေးတွေရေးပြီး လွမ်းကြတာပေါ့။ ကျောင်းဖွင့်မယ့်ရက်ကို မျှော်ကြတာပေါ့။ အဲဒီလိုနေခဲ့ကြရတယ်။ သူငယ်ချင်းတွေစုံရင် ဂျပ်ဆင်၊ အာစီ၊ လိုင်ဘရီ၊ ဘွဲ့နှင်းသဘင်တွေကို သွားကြတယ်။ ဓာတ်ပုံရိုက်ကြရတာအမော၊ တက္ကသိုလ်ကျောင်းသားဘဝကို ဂုဏ်ထူးတန်းကနေစပြီး ဖြတ်သန်းလိုက်ရတာ၊ မဟာဝိဇ္ဇာတန်းအပြီး ကျူတာဖြစ်တော့လည်း ရန်ကုန်တက္ကသိုလ်မှာပဲ တာဝန်ကျတယ်။ နယ်ကိုရောက်ပြီးနောက်တော့ ရန်ကုန်တက္ကသိုလ်မှာပဲ တာဝန်ပြန်ကျတယ်။ ကျွန်မအတွက်တော့

အခုဆိုရင် မြန်မာစာဌာနမှာ နိုင်ငံခြားသားတွေလည်း လာရောက် ပညာသင်ယူနေကြတယ်။ ဂုဏ်ယူစရာလည်း ကောင်းပါတယ်။ ဒီတက္ကသိုလ်ကြီးကို တက်ခွင့်ရတဲ့ ကျောင်းသား ကျောင်းသူတွေက အမှတ်တွေမြင့်ကြတယ်။ အိုင်ကျူရော၊ အီးကျူရော မြင့်ကြပါတယ်။ စာဖတ်အားလည်း မြင့်ဖို့လိုပါတယ်။ စာဖတ်စေချင်ပါတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက ဒီတက္ကသိုလ်ကြီးမှာ ပျော်ခဲ့သလို ပျော်စေချင်ပါတယ်။ ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ လွတ်လွတ်လပ်လပ်နဲ့ ကျောင်းသားဘဝကို ရိုးရိုးသားသား သန့်သန့်ရှင်းရှင်းနဲ့ ဖြတ်သန်းကြစေချင်တယ်။ တက္ကသိုလ် နှစ် ၁၀၀ ပြည့်ဆိုတာ တစ်သက်မှာ တစ်ခါပဲ ကြုံတောင့်ကြုံခဲကြုံရတာပါ။



ဦးကံဝင်း(ကျောင်းသားဟောင်း)

ဒီရန်ကုန်တက္ကသိုလ်က ကိုယ့်အိမ်လိုမျိုး ဖြစ်နေတယ်။ ဒီတက္ကသိုလ်မှာပဲ ပျော်တယ်။ ဒီတက္ကသိုလ်ရဲ့ ဂျပ်ဆင်၊ လိုင်ဘရီ၊ အာစီ၊ အဓိပတိလမ်းဆိုတာတွေက နေ့တိုင်းမြင်နေကျဆိုပေမယ့် ဘယ်တော့မှလည်း ရိုးမသွားဘူး။ ဝတ္ထုတွေ၊ သီချင်းတွေ၊ ကဗျာတွေတောင် ရေးစပ်လို့၊ ဖွဲ့နွဲ့လို့မကုန်နိုင်တဲ့ အထင်ကရ တက္ကသိုလ်ကြီးပါ။ သီချင်းထဲကလိုပဲ မြကျွန်းညိုညို ကွန်းခိုရာတက္ကသိုလ်မှာဆိုတဲ့အတိုင်း စာပေ၊ ဂီတ၊ အနုပညာတွေနဲ့ ပြည့်နှက်နေတဲ့၊ စုစည်းနေတဲ့တက္ကသိုလ်ကြီး ဖြစ်နေလို့ပါပဲ။



မကြည်ပြာလင်း(နိုင်ငံတကာဆက်ဆံရေး)
(မဟာတန်း-ပထမနှစ်)

မြန်မာစာဌာနမှာ စာတမ်းဖတ်ပွဲတွေ၊ စာပေဟောပြောပွဲတွေ၊ ပညာရေးပွဲတော်တွေ၊ မြန်မာစာစွမ်းရည်ပြိုင်ပွဲတွေကို နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပေးနေပါတယ်။

**ဦးကံဝင်း(ကျောင်းသားဟောင်း)**

ကျွန်တော်တို့ တက္ကသိုလ်တက်တုန်းက တစ်နှစ်အပြည့်မတက်ခဲ့ရဘူး။ ကျောင်းပညာရေးက ခြောက်လ တစ်တန်းတက်နေရတယ်။ ကျောင်းသားဘဝက အတန်းအပြည့် မတက်ခဲ့ရတော့ အခုဖွင့်နေတဲ့ ဒီပလိုမာသင်တန်းတွေကို လာပြီးတက်တာပါ။ ကျောင်းသားဘဝတုန်းက အတန်းမတက်ကြဘူး။ ကျူတိုရီရယ်တော့ မှန်မှန်ဖြေတယ်။ ကျောင်းထဲမှာပဲ လျှောက်သွားကြတယ်။ ပျော်စရာကောင်းပါတယ်။ ကျောင်းကင်တင်းတွေမှာ ထိုင်ခဲ့ရတဲ့ အချိန်တွေက ဘာနဲ့မှမလဲနိုင်ပါဘူး။ ကျောင်းကြီးပိတ်ပြီဆိုရင် ပျော်လည်း ပျော်တယ်။ ကျောင်းကြီးကိုလည်း လွမ်းတယ်။ အခုလည်း တက္ကသိုလ်ရာပြည့် ယာယီကော်မတီမှာ ကျောင်းသားဟောင်းအနေနဲ့လည်း ပါဝင်ထားပါတယ်။

**မကြည်ပြာလင်း (နိုင်ငံတကာဆက်ဆံရေး)**
**မဟာတန်း-ပထမနှစ်**

ဒီရန်ကုန်တက္ကသိုလ်ကြီးဟာ သမိုင်းဝင်တက္ကသိုလ်ကြီးတစ်ခု ဖြစ်ပါတယ်။ သမီးတို့နှစ်ရဲ့ ရှေ့နှစ်တွေလောက်က ပြန်ပြီးဖွင့်တာဆိုတော့ သမီးတို့အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ အမှတ်တရတစ်ခု ဖြစ်ပါတယ်။ ဒီတက္ကသိုလ်ကြီးကို တက်ခွင့်ရဖို့ ခက်ခဲခဲ့ပါတယ်။ တက္ကသိုလ်ကြီးကလည်း နိုင်ငံတကာအဆင့်မီတဲ့ တက္ကသိုလ်ကြီး ဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီတက္ကသိုလ်ကျောင်းသူဖြစ်ရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ သမီးကနယ်ကလာတက်တာဖြစ်လို့ အင်းလျားဆောင်မှာ နေခွင့်ရပါတယ်။ ပထမနှစ်ကနေပြီးတော့ BA ဘွဲ့ရချိန်အထိ အင်းလျားဆောင်မှာ နေရပါတယ်။ ဆရာမတွေကလည်း မိဘတွေလိုပါပဲ။ ဂရုစိုက်တယ်။ ကျောင်းသူနဲ့ ဆရာမ ဆက်ဆံရေးမဟုတ်ဘဲ မိဘနဲ့ သားသမီး ဆက်ဆံရေးလိုပါပဲ။ အဆောင်ထမင်းဟင်းတွေကလည်း ကောင်းပါတယ်။ တစ်ခါတလေတော့ အိမ်ကိုလွမ်းမိတယ်။ BA ပြီးတော့ Qualified တက်တဲ့အခါမှာ သီရိဆောင်မှာ နေရတယ်။ အင်းလျားဆောင်နဲ့မတူတဲ့ ခံစားမှုလေးတွေရတယ်။ ညဘက်ဆိုရင် အဆောင်မှာ သီချင်းတွေလာဆိုကြတယ်။ တက္ကသိုလ်ရာပြည့်ပွဲကြီးလည်း လုပ်နေတယ်။ ဒီမှာ ကျောင်းသူတစ်ယောက် ဖြစ်နေတဲ့အတွက် အလွန့်အလွန် ပျော်မိပါတယ်။ ဝိဇ္ဇာဘာသာရပ် ဖြစ်တဲ့အတွက် ဝိဇ္ဇာကင်တင်းက ဦးချစ်လက်ဖက်ရည်ဆိုင်ကလည်း တစ်ချိန်က နာမည်ကြီးခဲ့ပါတယ်။ ဂျပ်ဆင်တို့၊ အပန်းဖြေရိပ်သာ (RC) ၊ ချစ်သူလမ်းကြားတို့၊ သစ်ပုပ်ပင်တို့က နာမည်ကြီးခဲ့တယ်။ အခုဆို RC ထဲမှာ အားကစားပွဲတွေ အများကြီးလုပ်နေပါတယ်။ သထုံ အားကစား



မသုသုကျော့စံ
(အင်္ဂလိပ်စာ- ဒုတိယနှစ်)

ကွင်းမှာလည်း ဘောလုံးပွဲတွေ နှစ်စဉ်နှစ်တိုင်း မေဂျာအလိုက်လုပ်ပါတယ်။ အပြင်ကျောင်းတွေနဲ့လည်း ပေါင်းပြီးလုပ်တာရှိပါတယ်။

**မသုသုကျော့စံ(အင်္ဂလိပ်စာ-ဒုတိယနှစ်)**

တက္ကသိုလ်ရာပြည့်လည်း ရောက်တော့မယ်။ ကိုယ်က ရန်ကုန်တက္ကသိုလ်ကျောင်းသူဖြစ်တဲ့အတွက် အလွန်ပျော်ပါတယ်။ တက္ကသိုလ်ထဲမှာ မေဂျာအလိုက် အနုပညာဖျော်ဖြေရေးတွေ လုပ်တယ်။ ကစားပွဲတွေလုပ်တယ်။ စွမ်းရည်ပြိုင်ပွဲတွေလုပ်တယ်။ အဲဒီလိုတွေလုပ်တဲ့အတွက် ကျောင်းသူ ကျောင်းသားဘဝ အမှတ်တရလည်းဖြစ်တယ်။ နှစ် ၁၀၀ ပြည့်ပွဲတွေမှာ ပါဝင်ခဲ့ရင် နောင်တစ်ချိန် ပြန်ကြည့်တဲ့အခါမှာ တက္ကသိုလ်ကြီးကို ပြန်ပြီးအမှတ်တရဖြစ်ခဲ့မယ်။ သမီးကတော့ ကျောင်းမှာ ကင်တင်းတွေလိုက်ထိုင်တယ်။ ပြီးရင် RC ထဲမှာ ပွဲတွေလိုက်ကြည့်တယ်။ သမီးက အင်းလျားဆောင်ကနေ ကျောင်းတက်ပါတယ်။ ညဆိုရင် အဆောင်ရှေ့မှာ အင်းလျားအဆောင်သူလေးရယ် သီချင်းဆိုကြတာတွေရှိတယ်။ သမီးက ရှမ်းပြည်က လာတက်တာပါ။ ဒီတက္ကသိုလ်ကြီးကို တက်ချင်တဲ့အတွက် ၁၀ တန်းကတည်းက ကြိုးစားခဲ့ရပါတယ်။ သမီးက အင်္ဂလိပ်စာမှာ ဂုဏ်ထူးပါခဲ့တယ်။ ရန်ကုန်မှာလာပြီး ဝင်ခွင့်စာမေးပွဲဖြေခဲ့ရတယ်။ အဲဒီကနေ လူစစ်ပြီး ပြန်ရွေးထားတာပါ။ ဆရာမတွေက စာသင်တဲ့အခါမှာ သေချာသင်တယ်။ ကျူရှင်ဆိုတာမရှိဘူး။ ဒါကြောင့် ကျောင်းမှန်မှန်တက်ရတယ်။ ကျောင်းတက်မှ ကိုယ်က စာလိုက်နိုင်မှာ။ ဒီကျောင်းကို တက်ဖို့အတွက် အမှတ်တွေမြင့်ဖို့လိုတယ်။ ဒီတက္ကသိုလ်ကြီးက မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်တဲ့ တက္ကသိုလ်ကြီးဖြစ်တာကြောင့် နောက်တက်မယ့် မောင်လေး၊ ညီမလေးတွေ ကြိုးစားပြီး တက်စေချင်တယ်။ အလွန်ပျော်ဖို့ကောင်းတယ်။ တက္ကသိုလ်ဆိုတာ ဒီဟာကို ပြောတာပဲ။



မင်းဗညားဇော်
(မြန်မာစာ-ဒုတိယနှစ်)

**မင်းဗညားဇော်**
**မြန်မာစာ-ဒုတိယနှစ်**

ကျွန်တော်က ပထမနှစ်တုန်းက ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ တက်ခဲ့ပါတယ်။ အခု ရန်ကုန်တက္ကသိုလ်ကြီးမှာ ဒုတိယနှစ်တက်နေပါတယ်။ အခု နှစ် ၁၀၀ ပြည့်ကိုလည်း ဆုံရတယ်။ ကျွန်တော်က မြန်မာစာ ကျောင်းသားဖြစ်တဲ့အတွက် နာမည်ကြီးစာရေးဆရာကြီးတွေနဲ့ ခဏခဏဆုံရလို့ အလွန်ဂုဏ်ယူမိပါတယ်။ အားကစားပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ သူငယ်ချင်းတွေနဲ့ တက္ကသိုလ်ရဲ့ အထင်ကရ နေရာတွေကို ဓာတ်ပုံရိုက်တယ်။ ဒီတက္ကသိုလ်ကြီး တက်ချင်တဲ့အတွက် ၁၀ တန်းတုန်းက အထူးကြိုးစားခဲ့ရပါတယ်။ အမှတ်မီဖို့အတွက် မြန်မာစာဘာသာရတဲ့အတွက် ဝမ်းသာခဲ့ပါတယ်။ ဒီတက္ကသိုလ်ကြီးမှာ လွတ်လပ်မှုရှိတယ်။ ငယ်ဘဝရဲ့ စတင်တဲ့နေရာလေးလည်း ဖြစ်တဲ့အတွက် နောက်လာမယ့် ညီလေးညီမလေးတွေကို ဒီတက္ကသိုလ်ကြီးမှာလာတက်ဖို့ ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စစ်ကိုင်းလမ်းမကိုတွေ့ရစဉ်။

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့် အနေအထားကို စုံစမ်းတင်ပြခြင်း၊

(၄) အစီအစဉ်ကို အတည်ပြုခြင်းဖြင့် မြီရှင်များပြန်လည်ရရှိနိုင်မှုနှင့်အစီအစဉ်ကို အတည်မပြုသဖြင့် လုပ်ငန်းကို လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြခြင်း၊

(၅) အထက်ဖော်ပြပါကိစ္စရပ် တစ်ခုချင်းစီအပေါ် ၎င်း၏အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ ထင်မြင်ယူဆရသည့် အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံသင့် မသင့် စသည့်အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခြင်း။

( ဂ ) ပုဒ်မခွဲ (ခ) အရ တာဝန်များကို ထမ်းဆောင်ရာတွင် ငွေကြေးသုံးစွဲနိုင်မှုအပေါ် အခြေပြု၍ ဆောင်ရွက်ရမည်။ ဆောင်ရွက်မှုများအတွက် ငွေကြေးအကန့်အသတ်ရှိလျှင် ထိုသို့ရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး၏တာဝန်များ**

၁၀၃။ ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် –

(က) မြီရှင်များအားလုံး၏ အကျိုးကို ရှေးရှုဆောင်ရွက်ရမည်၊

( ခ ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး၏လုပ်ပိုင်ခွင့်များ**

၁၀၄။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေး အကြံပေးသည် ကယ်ဆယ်ခြင်းအဆင့်တွင် ၎င်း၏ တာဝန်များ ထမ်းဆောင်ရန်အတွက် –

(က) ဤအပိုင်းပါ လုပ်ပိုင်ခွင့်များကို လိုအပ်သလိုကျင့်သုံးနိုင်သည်၊

( ခ ) မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။ သို့ရာတွင် ၎င်းသည် အပိုင်း (၆) လုပ်ငန်း၏ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းများနှင့်လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲခြင်းမပြုရ။

**လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်တွင် အကာအကွယ်ပေးခြင်း**

**လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်၏ အကျိုးဆက်များ**

၁၀၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ ကုမ္ပဏီ နှင့်ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များကို လုပ်ငန်းကယ်ဆယ်ခြင်း အဆင့်တွင်လည်း အသုံးပြုနိုင်သည်၊

( ခ ) လုပ်ငန်းကသုံးစွဲနေသော သို့မဟုတ် လုပ်ငန်း၏ လက်ဝယ်တွင်ရှိသောပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင်ဖြစ်စေ၊ တစ်ဦးဦးထံမှ ငှားရမ်းထားလျှင်ဖြစ်စေ ကယ်ဆယ်ခြင်း အဆင့်တွင် တရားရုံး၏ အမိန့်အရမဟုတ်လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး၏စာဖြင့် ရေးသားသဘောတူညီချက်အရ မဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်း မပြုရ၊

( ဂ ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ ကယ်ဆယ်ခြင်းအဆင့်တွင် ပုံမှန်လုပ်ငန်းများ ဆက်လက် လည်ပတ်နိုင်ရန်အလို့ငှာ ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်၊

(ဃ) ကယ်ဆယ်ခြင်းအဆင့်တွင် ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် အောက်ပါကိစ္စရပ်များတွင် ၎င်းတို့၏သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်–

(၁) ပုံမှန်လုပ်ဆောင်မြဲမဟုတ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ စီမံခန့်ခွဲခြင်းတို့ကို ပြန်လည်ထူထောင်ရေး အကြံပေး၏စာဖြင့် ရေးသားသဘော တူညီချက်အရ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်အရ ဆောင်ရွက်နိုင်ခြင်း၊

(၂) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်နေသူနှင့် ပတ်သက်သည့် မြီရှင်များ၏တင်ရှိသည့် ကြွေးမြီများကို တရားရုံး၏ ခွင့်ပြုချက်အရ ပေးချေနိုင်ခြင်း၊

(၃) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏တွဲဖက်လုပ်ကိုင်နေသူနှင့် ပတ်သက်မှု မရှိသည့်မြီရှင်များ၏ တင်ရှိနေသည့်ကြွေးမြီများကို ပြန်လည်ထူထောင်ရေး အကြံပေး၏စာဖြင့် ရေးသားသဘောတူညီချက်အရ သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်အရ ပေးချေနိုင်ခြင်း။

( င ) ပုဒ်မခွဲ (ဃ) ပါ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထူထောင်ရေး အစီအစဉ်ဆောင်ရွက်ရန် ဖြစ်တန်ရာများပြီး ထိုကြွေးမြီကို ပေးချေခြင်းသည် ဤအပိုင်းပါ ရည်ရွယ်ချက်များ ပြည့်မီရေးအတွက် လိုအပ်သည်ဟုယူဆသည့် ထူးခြား သော အခြေအနေများတွင်သာ ခွင့်ပြုနိုင်သည်။

**လုပ်ငန်းကို ကာကွယ်ပေးခြင်း**

၁၀၆။ ကယ်ဆယ်ခြင်းအဆင့်တွင် အာမခံထားရှိသောပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ ဆက်လက် အတည်ပြု ဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးအကြံပေး၏စာဖြင့် ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**အာမခံသူများကို ကာကွယ်ခြင်း**

၁၀၇။ ကယ်ဆယ်ခြင်းအဆင့်တွင် လုပ်ငန်း၏ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူ များကို တရားရုံး၏ခွင့်ပြုချက်ဖြင့် မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**တရားရုံးကခွင့်ပြုချက်ပေးခြင်း**

၁၀၈။ တရားရုံးသည် ဤအခန်းအရ ခွင့်ပြုချက်များကို မိမိသင့်သည် ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များ မထားဘဲဖြစ်စေ ပေးနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၀၉။ (က) အပိုင်း (၆) လုပ်ငန်းသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့် ပစ္စည်းများကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည်–

(၁) အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုအရ ပြုလုပ်သည့် နည်းလမ်း၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ စာဖြင့်ရေးသား သဘောတူညီချက်အရ ပြုလုပ်သည့်နည်းလမ်း၊

(၃) တရားရုံး၏ခွင့်ပြုချက်အရ ပြုလုပ်သည့်နည်းလမ်း။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည်–

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်နိုင်ခြင်း၊

(၂) ပုဒ်မ ၉၄ ပါရည်ရွယ်ချက်များ ပြည့်မီရေးကို အထောက်အကူပြုနိုင်ခြင်း။

( ဂ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါရည်ရွယ်ချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့တည်းမဟုတ် အပြောင်းအလဲရှိသော ကြွေးမြီ တာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက် ဖြစ်သည်ဆိုရုံမျှဖြင့် အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်းမရှိစေရ၊

(ဃ) အပိုင်း (၆) လုပ်ငန်းတွင် အာမခံအကျိုးခံစားခွင့်ရှိသော ပစ္စည်းကို ရောင်းချရာ၌ ဒါရိုက်တာ၊ ပိုင်ရှင် သို့မဟုတ် အစုဝင်သည် ၎င်း၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၁၀။ (က) အပိုင်း (၆) လုပ်ငန်းသည် ပုံသေကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့် ပစ္စည်းများကို အောက်ပါ နည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည်–

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ စာဖြင့် ရေးသား သဘော တူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(၂) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့်ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည်–

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အကျိုးကို လုံလောက်စွာ ကာကွယ်သော အစီအစဉ်များရှိခြင်း၊

(၂) ပုဒ်မ ၉၄ ပါရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို အကာအကွယ်ပေးခြင်း**

၁၁၁။ ပုဒ်မ ၁၀၉ နှင့် ၁၁၀ တို့တွင် ခွင့်ပြုထားသည်မှအပ အပိုင်း (၆) လုပ်ငန်းသည် အာမခံအကျိုး ခံစားခွင့်ရမြီရှင်များ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက စီမံခန့်ခွဲခြင်း မပြုရ။

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ကြွေးမြီများအတွက်တာဝန်**

၁၁၂။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီများနှင့် တာဝန်ရှိမှု အပေါ်တွင် ပုဂ္ဂိုလ်ရေးတာဝန် မရှိစေရ။

( ခ ) အပိုင်း (၅) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ပုဒ်မ ၆၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် ကြွေးမြီများသည် အပိုင်း (၅) ပြန်လည်ထူထောင်ရေးမန်နေဂျာတွင် တာဝန်ရှိသော်လည်း အပိုင်း (၆) လုပ်ငန်းစဉ်တွင်မူလုပ်ငန်း၌တာဝန်ရှိပြီး လုပ်ငန်း၏ ပုံမှန်ဆောင်ရွက်မှုမှ ပေးချေရမည်။

( ဂ ) ပုဒ်မခွဲ (ခ) မှအပ အပိုင်း (၆) လုပ်ငန်း၏ကြွေးမြီများနှင့် တာဝန်များသည် ပုဒ်မ ၁၀၅ ပုဒ်မခွဲ (က) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အပိုင်း (၆) ပြန်လည်ထူထောင်ရေး အစီအစဉ် သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု အတိုင်း ဖြေရှင်းရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မခွဲ (ခ) ပါနည်းလမ်းအတိုင်း ကြွေးမြီနှင့်တာဝန်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည်ထူထောင်ရေးအကြံပေးက သိရှိရလျှင် ပုဒ်မ ၁၃၉ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းသို့ ကူးပြောင်းစေရမည်။

( င ) ပြန်လည်ထူထောင်ရေးအကြံပေးသည်၎င်းကိုခန့်အပ်ထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုအနက်မှ အောက်ပါ ပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းဆိုခွင့်များအတွက် ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်–

(၁) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏ တာဝန်များကို ပေါ့ဆမှုမရှိဘဲ ရိုးဖြောင့်စွာဖြင့် ထမ်းဆောင်စဉ်ဖြစ်ပွားခဲ့သော တာဝန်ရှိမှုများနှင့် ကုန်ကျစရိတ်များ၊

(၂) ဤဥပဒေအရသတ်မှတ်ထားသည့်ပြန်လည်ထူထောင်ရေး အကြံပေး၏ အခကြေးငွေ။

( စ ) ပုဒ်မခွဲ (င) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ထူထောင်ရေး အကြံပေး၏ ပြန်လည် တောင်းခံပိုင်ခွင့်များသည် အပိုင်း (၆) လုပ်ငန်းတွင် တင်ရှိနေသော အာမခံအကျိုး ခံစားခွင့်မရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည်။ ထို့ပြင် ၎င်း၏ ပြန်လည်တောင်းခံ ပိုင်ခွင့်အတွက် အပိုင်း (၆) လုပ်ငန်း၏ ပစ္စည်းများ အပေါ်တွင်လည်း အာမခံ အကျိုးခံစား ခွင့်ရှိသည်။

(ဆ) အောက်ပါဦးစားပေး အစီအစဉ်များ၏ နောက်တွင် ပုဒ်မခွဲ (စ) ပါ ပြန်လည် ထူထောင်ရေး အကြံပေး၏ အာမခံအကျိုးခံစားခွင့်ကို ထည့်သွင်းရမည်–

(၁) ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်စဉ်အချိန်က တည်ရှိနေသော အာမခံ အကျိုးခံစားခွင့်ရမြီရှင်၏ ပုံသေကြွေးမြီတာဝန်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ဥပဒေနှင့်အညီ ခန့်ထားသည့် ပစ္စည်းထိန်း၏ အကျိုးခံစားခွင့်များ၊ သို့ရာတွင် ထိုပစ္စည်းထိန်းခန့်အပ်ခြင်းမပြုမီ ပြန်လည်ထူထောင်ရေး အကြံပေးကကျခံခဲ့ရသော ပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းခံပိုင်ခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးလုပ်ဆောင်နေကြောင်း အသိပေးကြေညာခြင်း**

၁၁၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်–

(၁) အပိုင်း(၆)လုပ်ငန်း သို့မဟုတ် လုပ်ငန်းကိုယ်စား သို့မဟုတ် ပြည်လည်ထူထောင်ရေး အကြံပေး၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) အပိုင်း(၆)လုပ်ငန်း၏ ဝက်ဘ်ဆိုက်များ။

( ခ ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက် စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့် ဖြစ်စေ ဖော်ပြသည့် ပုံစံများကိုဆိုသည်။

( ဂ ) အပိုင်း (၆) လုပ်ငန်း၏အရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေး အကြံပေးသည် ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**အပိုင်း(၆) လုပ်ငန်း၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၁၁၄။ (က) အပိုင်း (၆) လုပ်ငန်းစဉ် စတင်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို နည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံအတိုင်းပြုစု၍ လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးအကြံပေးထံ တတ်နိုင်သမျှ ဆောလျင်စွာ တင်သွင်းရမည်။

( ခ ) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းကိစ္စများနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား လုပ်ငန်း၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာရေးသား ပေးပို့နိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) နှင့်စပ်လျဉ်း၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်–

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၊

(၃) အပိုင်း(၆)လုပ်ငန်း၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဃ) ဤပုဒ်မအရအပိုင်း (၆) လုပ်ငန်း၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေး အကြံပေးထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့်ရေးသား ပေးပို့သည့် အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၇ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

( င ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပေါင်မြို့နယ်နှင့်မော်လမြိုင်မြို့များတွင် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုအကျိုးပြုကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ ပေါင်မြို့နယ် အလှပ်ကျေးရွာတွင် ကျင်းပသည့် မြေနေရာလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံကလေးငယ်များ၊ မိဘများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ် အလှပ်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံများ၊ ရှေးဦးအရွယ်ကလေးငယ်များနှင့် မိဘများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က ရှေးဦးအရွယ်ကလေးများ ဖွံ့ဖြိုးတိုးတက်မှုသည် မိသားစုအတွက်သာမက မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါပါကြောင်း၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုရာ၌ ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ခန္ဓာသန်စွမ်းကျန်းမာမှုနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှုကို ဆိုလိုပါကြောင်း၊ အနာဂတ်နိုင်ငံ့တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့် ယခုရှေးဦးအရွယ် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် ရေရှည်မျှော်မှန်းလျက် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီခြင်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုရှိခြင်းနှင့် လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများကို တန်းတူညီမျှရရှိရေး ဖော်ဆောင်ပေးနိုင်ခြင်းတို့သည် စစ်မှန်သောဒီမိုကရေစီကို အကောင်အထည်ဖော်ရာတွင် အရေးပါသော ဆောင်ရွက်ရန်များဖြစ်ပါကြောင်း၊ ယခုလို ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာလှူဒါန်းပေးခြင်းသည် ပြည်သူက ပြည်သူ့လိုအပ်ချက်ကို အစိုးရနှင့် ပူးပေါင်းဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ ယခုလို မြေနေရာရရှိလာပြီဖြစ်သည့်အတွက် အဆိုပါမြေနေရာကို ဒေသခံကလေးသူငယ်များအကျိုးအတွက် အကောင်းဆုံးအသုံးချနိုင်ရေး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကလေးသူငယ်များ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ်ကာလတွင် အကောင်းဆုံးရင်းနှီးမြှုပ်နှံခြင်းပြုကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြေနေရာအလှူရှင် ဦးမြင့်လွင်က လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ မြေနေရာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း၊ အလှူရှင်အား ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခြင်းနှင့် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက မြေနေရာလှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျေးရွာတွင် နေ့ကလေးထိန်းနေရာအဖြစ်ဆောင်ရွက်ရန် မိခင်ဝိုင်းတစ်ဝိုင်း ဖွင့်လှစ်နိုင်ရေး ထောက်ပံ့ငွေပေးအပ်လှူဒါန်းပြီး ကလေးငယ်များအား ကစားစရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးတွင် ပြုလုပ်သည့် မော်လမြိုင်မြို့နယ် ကော့စိန်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်း သုံးတွင်း တူးဖော်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ပညာရေးနှင့် ကျန်းမာရေးတို့သည် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ တူညီသောလိုအပ်ချက်များ ဖြစ်ပါကြောင်း၊ ယခု ကော့စိန်ကျေးရွာတွင် သောက်သုံးရေရရှိရေး လက်တူးတွင်း သုံးတွင်း လှူဒါန်းမှုသည် ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်ပေါ်လာသောအစိုးရ၏ ပြည်သူ့လိုအပ်ချက်ကို လက်တွေ့ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကော့စိန်ကျေးရွာ ပြည်သူများထံသို့ လက်တူးတွင်းသုံးတွင်း တူးဖော်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၄၄၄၀၀၀၀ (လေးဆယ့်လေးသိန်းလေးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံပြီး ကိုယ်စားလှယ်တစ်ဦးက ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တပ်မတော် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူးဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ် စိုးနိုင်ဦး က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ထွန်းထွန်းညီက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရခိုင်ပြည်နယ်အတွင်း AA အဖွဲ့က ကုမ္ပဏီဝန်ထမ်းများ၊ မြို့နယ်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့အရပ်သားပြည်သူများ လူထုများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အဓမ္မပြုကျင့်နှိပ်စက်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာများအတွင်း ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း စသည်တို့နှင့် ပတ်သက်၍ သတင်းထုတ်ပြန်ပေးခဲ့သည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းဌာနများက မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ မြေ၊ အခြေခံအဆောက်အအုံနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ မြေ၊ အခြေခံအဆောက်အအုံနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန (MLIT)တို့၏ (၇)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကို ရန်ကုန်မြို့ရှိ Prime Hill Business Square ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် ဂျပန်နိုင်ငံ MLIT မှ ဒုတိယဝန်ကြီး Mr.Yamada Kunihiro တို့က အမှာစကား ပြောကြားကြပြီး Construction Industry Sector ကဏ္ဍတွင် အဆောက်အဦ ဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဒေါ်အေးအေးမော်က “The Current Process to Reorganize MoC as a Regulatory Body” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇော်မြင့်က “The Road and Bridge Project in Myanmar , Yangon Outer Ring Roat and Yangon Elevated Expressway” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Housing Sector ကဏ္ဍတွင် ဂျပန်နိုင်ငံ Housing Bureau မှညွှန်ကြားရေးမှူး Mr.Murakami က Public Rental Housing in Japan ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Urban Development Sector ကဏ္ဍတွင် ဂျပန်နိုင်ငံ Urban Bureau မှ ဒုတိယညွှန်ကြားရေးမှူး Mr.Taka က Report on Initiatives in the Urban Sector in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် အစည်းအဝေးတက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**



မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာနရေယာဉ်နှင့် ပို့ဆောင်ရေးဌာနစိတ် (ကြည့်မြင်တိုင်) **မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြသမှုကို ဖေဖော်ဝါရီလ တတိယပတ်က ယင်းဌာနဝင်းအတွင်းပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ် ဟောပြောစဉ်။** (ဟောပြောပွဲသို့ ဒုတိယ အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။) **ကိုကြီးတင်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# World Thinking Day 2020 အခမ်းအနားကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

World Thinking Day 2020 အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ မြက်ခင်းပြင်၌ ကျင်းပသည်။

"ဒီနေ့က ကင်းထောက်အဖွဲ့ အစည်းကို တည်ထောင်ခဲ့တဲ့ လော့ဒ်ဘေဒင်ပါဝဲလ်မွေးနေ့ဖြစ်လို့ ကျွန်မတို့ အဖွဲ့က World Thinking Day ခေါ်ပါတယ်။ တစ်ကမ္ဘာလုံးမှာလည်း ဒီနေ့ တစ်ပြိုင်နက် ကျင်းပကြပါတယ်။ ကျင်းပတဲ့အခါမှာ မတူကွဲပြားမှု၊ ပါဝင်ဆောင်ရွက်မှု၊ စာနာထောက်ထားမှု၊ စည်းလုံးမှု၊ ညီညွတ်မှု၊ တန်းတူညီတူရှိမှုတွေ လုပ်ဆောင်ကျင်းပတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့ချုပ် သင်တန်းမှူး ဒေါ်အေးမာသက် က ပြောသည်။

အဆိုပါ World Thinking Day အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာကင်းထောက် အမျိုးသမီးအခြေခံသင်တန်း (၁/၂၀၂၀) မှ သင်တန်းသူများ၊ တက္ကသိုလ်ပေါင်းစုံမှ ကင်းထောက်ကျောင်းသူများ၊ အထက(၅) အရှေ့ဒဂုံ၊ အထက(၂) လသာ၊ အထက (၁) ပန်းဘဲတန်းမှ ကင်းထောက်ကလေးငယ် စုစုပေါင်း ၁၀၀ ကျော် ပျော်ရွှင်စွာပါဝင်လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။(ယာပုံ)

**သတင်းနှင့်ဓာတ်ပုံ**
**အာကာစိုး**



## ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် လှေလှော်၊ ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့ နံနက်က သတ်မှတ်ထားသည့် နေရာများ၌ ဆက်လက်ကျင်းပသည်။ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်းစုံ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲကို ယနေ့ နံနက်က ရန်ကုန်မြို့ အင်းလျားလမ်း ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း(ရန်ကုန်)၌ ကျင်းပရာ ရိုးရာလှေပြိုင်ပွဲတွင်** (အပေါ်ပုံ) **အမျိုးသား၊ အမျိုးသမီး ၁၀ တက် မီတာ ၁၀၀၀၊ မီတာ၅၀၀၊ ၁၀ တက်လှော် Mixed မီတာ ၁၀၀၀၊ မီတာ ၅၀၀၊ အမျိုးသား၊ အမျိုးသမီးအပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲများ ကျင်းပခဲ့သည်။**

ပြိုင်ပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း၂၀၀ ခန့် ပါဝင် ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဗိုလ်လုပွဲ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (RC)၌ ရန်ကုန်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲအုပ်စု ပတ်လည် ပွဲစဉ်များကို ယနေ့ နံနက်က ဆက်လက်ကျင်းပရာ အမျိုးသား ပြိုင်ပွဲတွင် သတ္တဗေဒအသင်းနှင့် ရူပဗေဒအသင်း၊ ဘူမိဗေဒအသင်းနှင့် ဥပဒေပညာအသင်း၊ မြန်မာစာ အသင်းနှင့် သင်္ချာအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရူပဗေဒအသင်းနှင့် ဓာတုဗေဒအသင်း၊ သင်္ချာအသင်း နှင့် သတ္တဗေဒအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ကျောင်းသား ကျောင်း သူများ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

ဒုတိယအကြိမ်မြောက် ရန်ကုန် အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ် ဝင်းအတွင်းရှိ Yangon Convention Centre – YCC ၌ ပြသရာ လာရောက်ကြည့်ရှု လေ့လာကြသူများအား တွေ့ရစဉ်။

အေကေလင်း



## ပရီမီယာလိဂ် ပွဲစဉ် (၂၇) ယှဉ်ပြိုင် ချယ်လ်ဆီးတို့ စပါးကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၇)၏ အစောဆုံးပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် စပါးအသင်းတို့ ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းက ချယ်လ်ဆီးအိမ်ကွင်း စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

### လူစုံနီးပါး ပွဲထွက်လာ

ချယ်လ်ဆီးအသင်းသည် အက်စ်ပီလီကျူတာ၊ မားကို့စ် အလွန်ဆို၊ ရူဒီဂါ၊ ဂျော်ဂျင်ဟို၊ မေဆွန်မောင့်၊ ဂျီရုဒ် စသည်ဖြင့် လူစုံနီးပါးပွဲထွက်လာခဲ့သည်။ စပါးအသင်းကလည်း ဟူဂို လောရစ်၊ ဗာတွန်ဂန်၊ လူးကပ်စ် မော်ရာ၊ အင်န်ဒွန်ဘီလီ၊ ဆဲလ်ဆို၊ ဘာ့ဂ်ဝင့်စသည်ဖြင့် လူစုံနီးပါး ပွဲထွက်လာခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၁၅ မိနစ်တွင် ဂျရုဒ်က သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို ပွဲကစားချိန် ၄၈ မိနစ်တွင် မားကို့စ်အလွန်ဆိုက သွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၈၉ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ရူဒီဂါက ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့၍သာ စပါးအသင်း ချေပဂိုးရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပွဲကျပ်များ ဆက်တိုက်ကစားခဲ့ရကာ ပြီးခဲ့သည့် လက်စတာ၊ မန်ယူအသင်းတို့နှင့်ပွဲတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ချေ။ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ၂၇ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် လေးနေရာတွင် ရပ်တည်နေသောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ပိုမိုအားကောင်းလာခဲ့သည်။

### အခွင့်အရေးဖန်တီးမှု အသာရ

စပါးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ခဲ့သော်လည်း ယနေ့ပွဲတွင် ချယ်လ်ဆီးအသင်းကို အနိုင်ယူနိုင်ခဲ့ခြင်းမရှိဘဲ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာစာအတွက် ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။ ယနေ့ပွဲတွင် ချယ်လ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု သိသိသာသာ အသာမရခဲ့သော်လည်း ဂိုးပေါက်ကန်သွင်းမှုအပိုင်း၊ အခွင့်အရေးဖန်တီးမှု အပိုင်းတွင် အသာရခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လာမည့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

### အခြားပွဲစဉ်ရလဒ်များ

အခြားပွဲစဉ်များတွင် ဘန်လေက ဘုန်းမောက်ကို သုံးဂိုး– ဂိုးမရှိ၊ ပဲလေ့စ်က နယူးကာဆယ်ကို တစ်ဂိုး–ဂိုးမရှိ၊ ဆောက်သမ်တန်က အက်စ်တွန်ဗီလာကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ရှက်ဖီးနှင့် ဘရိုက်တန်းတို့ပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

အသုံးပြုခဲ့ပြီး ခံစစ်သုံးဦး အထိုင်ကစားကာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်း၏ အားနည်းချက်ကိုစောင့်ကာ ထိုးဖောက်ခဲ့ပြီး ၁၂ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့သည်။ ဘယ်နောက်ခံလူ ဟိန်းဖြိုးဝင်းက တိုက်စစ်သို့လိုက်ပါကာ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်း တိုက်စစ်မြှင့်ခဲ့ကာ ၂၈ မိနစ်တွင် ကွင်းလယ်ကစားသမား ရှိုရီ အဝေးမှ ကန်သွင်းရာ ရှမ်းနောက်ခံလူ ဒေးဗစ်ဒန်း ဖျက်သော်လည်း ဂိုးထဲဝင်သွားသည်။ ပထမပိုင်းအပြီးတွင် သရေကျနေသောကြောင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရခဲ့သည်။ ၆၂ မိနစ်တွင် အဘူဘာကာ အပိုင်ကန်ခွင့်ရသော်လည်း ဘားထိထွက်သွား၍ နစ်နာခဲ့သည်။ ၇၄ မိနစ်တွင် ရန်ကုန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဘာဖိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ရန်ကုန်အသင်း ဦးဆောင်ဂိုးပြန်ရခဲ့သော်လည်း သုံးမိနစ်သာကြာခဲ့ပြီး ၇၇ မိနစ်တွင် အဘူဘာကာက အဝေးကန်ချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက ချင်းယူနိုက်တက်အသင်းကို ရှစ်ဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြောက်ပွဲဆက် ရှုံးနိမ့်ထားမှုကို Southern အသင်း ရပ်တန့်နိုင်ခဲ့ပြီး ယခုရာသီ၏ ပထမဆုံးနိုင်ပွဲရယူကာ ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာမူ ငါးပွဲမြောက် ရှုံးပွဲနှင့်အတူ ဖိအားပိုများသွားပြီး တန်းဆင်းအန္တရာယ်နှင့် နီးကပ်လာခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၂၅၊ ၄၅+၂၊ ၄၆ မိနစ်တွင် အောင်မြတ်သူက ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၄၀၊ ၈၆ မိနစ်တွင် ရန်ကျော်ထွေး၊ ၄၅+၁ မိနစ်တွင် ပိုင်စိုးဝေ၊ ၇၁ မိနစ်တွင် ရှိုင်းသူရ၊ ၈၃ မိနစ်တွင် ဖြိုးသက်ဦးတို့က သွင်းယူခဲ့သည်။ ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၈ မိနစ်တွင် ဆင်မြူရယ်၊ ၅၈ မိနစ်တွင် အက်ကာပိုနှင့် ၈၃ မိနစ်တွင် နန်းမင်းအောင်တို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်နှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ဇွဲကပင်အသင်းသည် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဆင်ကစားခဲ့ရာ ပထမပိုင်းပြီးခါနီးတွင် ဦးဆောင်ဂိုးရကာ ယာစင်က သွင်းယူခဲ့သည်။ ရခိုင်အသင်းအတွက် ချေပဂိုးကို ၈၃ မိနစ်တွင် ကောင်းမြတ်ကျော်က သွင်းယူခဲ့သည်။

ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် စစ်ကိုင်းအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ– ဖိုးသော်ဇင်

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## မောင်တောမြို့နယ် လောင်းဒုံတံတားအောက်၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မောင်တောမြို့နယ် လောင်းဒုံချောင်းတံတားအောက်မှ လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် စပယ်ကုန်းကျေးရွာအနီး လောင်းဒုံ - ငါးခူရကားလမ်းမှ အရှည်ပေ ၆၀၊ အကျယ် ၁၆ ပေခန့်ရှိ လောင်းဒုံချောင်းကွန်ကရစ်တံတားအောက် ရက်မနှစ်ခုအကြား (ငါးခူရဘက်ခြမ်းတံတားချဉ်းကပ်လမ်းထိပ်)၌ မိုင်းဟုယူဆရသော အထုပ်တစ်ထုပ် တွေ့ရှိသဖြင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ကြောင်း။

အဆိုပါနေရာတွင် စောင်တစ်ထည်ဖြင့် ထုပ်ထားသော အဝအချင်း ၁၃ လက်မခွဲ၊ အတွင်း အချင်း ၁၈ လက်မ၊ အောက်ခြေအချင်း ရှစ်လက်မ ၊ အမြင့် ၁၃ လက်မခန့်ရှိ အဖုံးပါ ဒန်အိုးတစ်လုံးအား တွေ့ရှိ၍ ဒန်အိုးအတွင်း ဂွမ်းများ၊ ယမ်းစိမ်းနှင့် ပြဒါးမှုန့်များ ရောစပ်ထားသော လက်လုပ်ယမ်းများ၊ ဖန်ဂေါ်လီ အလုံး ၁၀၀၀ ခန့် ထည့်ထားပြီး လက်ပတ်နာရီ တစ်လုံး၊ ဆားကစ် တစ်ခု၊ ၉ ဗို့ ဘက်ထရီ နှစ်လုံး၊ လျှပ်စစ်စနက်တံ သုံးချောင်းတို့ကို ဝိုင်ယာကြိုးဖြင့် ဆက်ကာ အသက်သွင်းထားသော ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး ဖြစ်သဖြင့် သက်မဲ့ပြုလုပ်ခဲ့ကြောင်း နှင့် လက်လုပ်မိုင်းအား သက်ဆိုင်ရာသို့ အပ်နှံထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

## မူးယစ်သတင်းအရ နေအိမ်ကိုရှာဖွေဖမ်းဆီးစဉ် သေနတ်ဖြင့်ခုခံသည့် ထိုင်းနိုင်ငံသားအား အသေဖမ်းဆီးရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက မူးယစ်သတင်းအရ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရဲတပ်ဖွဲ့အား ခုခံပစ်ခတ်ရန် ကြိုးစားသဖြင့် ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးစဉ် ထိုင်းနိုင်ငံသားတစ်ဦးအား အသေဖမ်းမိကြောင်း သိရသည်။

ဝိန်းကျောက် ရပ်ကွက် တော်ကော့ပြင်တွင် ထိုင်းနိုင်ငံသားများ ငှားရမ်းထားသည့် နေအိမ်တစ်လုံးကို ရဲတပ်ဖွဲ့က မူးယစ်ဆေးသတင်းအရ ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသားတစ်ဦးက ရဲတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့် ခုခံပစ်ခတ်ရန် ကြိုးစားသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေအိမ်အတွင်းမှ သေဆုံးသူအပါအဝင် ထိုင်းနိုင်ငံသား သုံးဦးနှင့် မြန်မာနိုင်ငံသား တစ်ဦး စုစုပေါင်း လေးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၈၀၆ ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ နေအိမ်ဂိုဒေါင်အတွင်းမှ တိုယိုတာမတ်တူး အဖြူရောင် ယာဉ်တစ်စီးနှင့် အီဆူဇူးဒီမက်စ် အမျိုးအစား ဖြူ/နက်ကြား ယာဉ်တစ်စီးတို့ကို သိမ်းဆည်းထားပြီး အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ် -၃၃၇၂ အခန်း ၁၆ တွင် အိမ်ရှင်မိသားစုဝင်များ ပြင်ပသို့ရောက်ရှိနေချိန် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၃၇၂ အခန်း ၁၆ နေ ဒေါ်ပွင့်သူထွန်း၏ အခန်းတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ၎င်း၏မိသားစုဝင်များအားလုံး ပြင်ပသို့ရောက်ရှိနေခိုက် အဲကွန်းမီးဖြတ်စက် အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ နေပြည်တော် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၁၈ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ရာသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း၊ နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အိမ်ရှင်ဖြစ်သူအား နယ်မြေခံအမှတ်-၇ ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုပေါက်

## တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု သဲကောကျေးရွာတွင် ဖေဖော်ဝါရီ ၂၁ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ကာ လူသတ်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဲကောကျေးရွာနေ မင်းမင်းထွေး (၃၂နှစ်)နှင့် ချစ်မျိုးဆန်း(၂၅နှစ်)တို့ နှစ်ဦးသည် ရွာထိပ်ရှိ မတ်ပဲစိုက်ခင်းအား သွားကြည့်ရန် ရွာလယ်လမ်းအတိုင်း ထွက်လာကြရာ ရွာလယ်လမ်းဆုံအရောက်တွင် တစ်ရွာတည်းနေ မျိုးဝင်းသိန်း(ခ)ဖိုးထောင် (၃၅ နှစ်)နှင့် စကားများရန်ဖြစ်ကာ မျိုးဝင်းသိန်း(ခ)ဖိုးထောင်က အသင့်ပါလာသည့် ဓားမြှောင်ဖြင့် ထိုးရာ ချစ်မျိုးဆန်းမှာ ဒဏ်ရာရရှိခဲ့ပြီး မင်းမင်းထွေးမှာ သေဆုံးသွား၍ မျိုးဝင်းသိန်း(ခ)ဖိုးထောင်မှာ ထွက်ပြေးသွားခဲ့သည်။

အခင်းဖြစ်ရာသို့ ခေတ္တာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး၊ မြို့လှနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်သန်းဝင်း ဦးစီးအဖွဲ့က မျိုးဝင်းသိန်း(ခ) ဖိုးထောင်အား ပိတ်ဆို့ရှာဖွေခဲ့ရာ ရွာအနီးရှိ ကြံခင်းအတွင်း ပုန်းအောင်းနေရာမှ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီတွင် ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်သို့ လာရောက်အဖမ်းခံခဲ့၍ မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သန်းလွင်(ဆွာ)

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၅၂၅ စီး၊ သွင်းကုန် ၁၄၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၈၈ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက ဖမ်းဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅၉၇ သန်း၊ စုစုပေါင်း ဖမ်းဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၇၇ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါးများနှင့် ဆိုင်ကယ်အပိုပစ္စည်းများအား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၂-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၁၀:၀၀ - Sunday Talk
၁၀:၂၅ - "မြေမအားလူမနား စီမံချက်ဖြင့် သွားနေတဲ့ ပအိုဝ်းတို့ဌာနေ"
၁၂:၃၅ - This Week's Special Interest
၁၂:၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "သံမဏိလိပ်ပြာ" (ညွန့်ဝင်း၊ ထွန်းဝေ၊ ဆွေဇင်ထိုက်) ဒါရိုက်တာ- ဝင်းဖေ

**ညပိုင်း**

၁၆:၂၅ - "၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (မြန်မာစာဘာသာရပ်)
၁၇:၀၅ - "ထူးခြားစုံလင် အာရုပစိဖိတ်အစီအစဉ်"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀:၃၅ - ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) "အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီ"(အပိုင်း-၂)
- မြန်မာဗီဒီယိုဇာတ်လမ်း "အဆုံးသတ်" (နေတိုး၊ မိုးဟေကို) ဒါရိုက်တာ-မျိုးထူး

# လာမည့်သီတင်းပတ်အတွင်း အမေရိကန်နှင့် တာလီဘန်တို့ ငြိမ်းချမ်းရေးသဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ရေး မျှော်မှန်းထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**
အာဖဂန်နစ္စတန်တွင် တစ်ပတ်ကြာ အကြမ်းဖက်တိုက်ခိုက်မှုလျှော့ချရေး အစီအစဉ်ကို အကောင်အထည်ဖော်ပြီးနောက် ဖေဖော်ဝါရီ ၂၉ ရက်တွင် အမေရိကန်နှင့် အာဖဂန်နစ္စတန်ရှိတာလီဘန်တို့ ငြိမ်းချမ်းရေးသဘောတူညီမှုလက်မှတ်ရေးထိုးနိုင်ရေး မျှော်လင့်ထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်လွှားတွင် အကြမ်းဖက်တိုက်ခိုက်မှုလျှော့ချရေး အကောင်အထည်ဖော်မှုမှာ အောင်မြင်သည့်အခြေအနေရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီ ၂၉ ရက်တွင် ငြိမ်းချမ်းရေးသဘောတူညီမှု လက်မှတ်ရေးထိုးသွားရန် ၎င်းကဆက်လက်ပြောကြားခဲ့သည်။

သို့သော် မည်သည့်နေရာတွင်လက်မှတ်ရေးထိုးပွဲပြုလုပ်မည်ကိုမူ ပြောကြားသွားခဲ့ခြင်းမရှိပေ။ တာလီဘန်နှင့် အမေရိကန်တို့သည် အပြည်ပြည်ဆိုင်ရာမှ လေ့လာသုံးသပ်သူများ၏ရှေ့မှောက်တွင် ငြိမ်းချမ်းရေးအပြီးသတ်သဘောတူညီမှုကိုလက်မှတ်ရေးထိုးသွားရန်ရှိသည်ဟု တာလီဘန်ဘက်မှပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဘာမူဂျာဟစ်က ပြောသည်။

အမေရိကန်နှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးသဘောတူညီမှုတွင် နိုင်ငံခြားတပ်များ အာဖဂန်မြေပေါ်မှ လျှော့ချ၊ ဆုတ်ခွာရမည့်အချိန်အတိအကျနှင့် တာလီဘန်တို့ဘက်မှလည်း အာဖဂန်မြေကိုအကြမ်းဖက်သမားများအတွက် ခိုအောင်းရာနေရာအဖြစ်အသုံးမပြုရန်၊ ထာဝရငြိမ်းချမ်းရေးရရှိရန်တို့ ပါဝင်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။

စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပြီး တိုးတက်မှုများလည်းရှိနေကြောင်း၊ ယခုလက်ရှိအနေအထားကို ထိန်းသိမ်းထားရန် အာဖဂန်နိုင်ငံသားအားလုံးကို တိုက်တွန်းကြောင်း မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ ယခုငြိမ်းချမ်းရေးသဘောတူညီမှု လက်မှတ်ရေးထိုးပြီးပါက အာဖဂန်အစိုးရတပ်များနှင့် တာလီဘန်တို့ စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု အမေရိကန်ဘက်က ထုတ်ပြန်ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်ဖက်တိုက်ခိုက်မှုလျှော့ချရေးအစီအစဉ်သည် ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းဖြစ်ပြီး တိုင်းပြည်ကိုအကြမ်းဖက်သမားများခိုအောင်းရာနေရာမှ အကာအကွယ်ပေးနိုင်လိမ့်မည်ဟု နေတိုးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် စတိုးတန်ဘာ့ဂ်ျက ပြောသည်။

**ဆင်ဟွာ**



စစ်ရေးလေ့ကျင့်မှုပြုလုပ်နေကြသည့် အာဖဂန်အမျိုးသမီးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# အီတလီနိုင်ငံ ကိုဒေ့ါနို မြို့တွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိမှုကြောင့် ဝင်ထွက်ခွင့်ပိတ်ထား



ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ထားသည့် ဒေသခံတစ်ဦးကိုတွေ့ရစဉ်။

**ရောမ ဖေဖော်ဝါရီ ၂၂**
အီတလီနိုင်ငံ မီလန်မြို့ အရှေ့တောင်ဘက်ရှိ ကိုဒေ့ါနိုမြို့လမ်းမထက်တွင် လူသူကင်းမဲ့နေပြီး ဒေသခံများကိုလည်း သတိပေးမှုများ ပြုလုပ်ထားသည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ကိုဒေ့ါနိုမြို့တွင် လူဦးရေ ၁၅၀၀၀ ရှိပြီး အဆိုပါမြို့ရှိ လူသုံးဦးမှာ ကိုရိုနာဗိုင်းရပ်စ် ရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မြို့ကို ဝင်ထွက်ခွင့်ပိတ်ပင်ထားခဲ့သည်။

အီတလီသည် ဥရောပတွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုရှိသည့် နိုင်ငံဖြစ်လာခဲ့သည်။ အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ ယခုအခါ အသက်ရှူကိရိယာများ အကူအညီဖြင့် အသက်ရှင်နေရသည်။

အီတလီနိုင်ငံ မြောက်ပိုင်းရှိ အသက် ၇၈ နှစ်အရွယ် ပန်းရန်သမားတစ်ဦးမှာလည်း ကိုရိုနာဗိုင်းရပ်စ်ရှိကြောင်း စမ်းသပ်တွေ့ရှိထားသည်။ နောက်ထပ် အသက် ၅၈ နှစ်အရွယ် အမျိုးသားတစ်ဦးမှာလည်း ကိုရိုနာ ဗိုင်းရပ်စ်ရှိကြောင်း တွေ့ရှိရသဖြင့် အီတလီအရှေ့မြောက်ပိုင်း ဗန်တိုဒေသတွင် ရောဂါကူးစက်ခံရသူ အရေအတွက် သုံးဦးရှိသွားပြီဖြစ်သည်။

အီတလီနိုင်ငံ မြောက်ပိုင်း လွန်ဘော့ဒီ ဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၆ ဦး တွေ့ရှိထားပြီး ယင်းဒေသကို သီးခြားထားရန် လုပ်ဆောင်နေသည်။

ရောမမြို့တွင်မူ ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးကို သီးခြားခွဲကာ ကုသမှုများ ပြုလုပ်ပေးနေသည်။ ဒီဇင်ဘာလအတွင်းမှ စတင်ကာ COVID -19 စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံတွင် သေဆုံးသူ ၂၂၀၀ အထိရှိလာပြီဖြစ်သည်။

**အေအက်ဖ်ပီ**

## ၂၀၂၀ တိုကျိုအိုလံပစ်အတွက် စေတနာ့ဝန်ထမ်းများ လေ့ကျင့်ပေးမှု အစီအစဉ်ကို ရွှေ့ဆိုင်း

**တိုကျို ဖေဖော်ဝါရီ ၂၂**
၂၀၂၀ တိုကျို အိုလံပစ်အားကစားပြိုင်ပွဲအတွက် စေတနာ့ဝန်ထမ်းများ လေ့ကျင့်ပေးမည့် အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ပွဲစီစဉ်သူများကပြောသည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးကြိုးပမ်းမှု တစ်ရပ်အနေဖြင့် ယခုလို ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ စေတနာ့ဝန်ထမ်းများ လေ့ကျင့်ပေးမှုကို ရွှေ့ဆိုင်းလိုက်သော်လည်း အိုလံပစ်အားကစားပြိုင်ပွဲကို ယခင်သတ်မှတ်ထားသည့် ရက်တွင် ကျင်းပသွားမည်ဟု ဖေဖော်ဝါရီ ၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အရ သိရသည်။

အားကစားပြိုင်ပွဲကို ဖျက်သိမ်းမည့်အစီအစဉ်မရှိသကဲ့သို့ ယခုလို လေ့ကျင့်ပေးမှုအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် အားကစားပြိုင်ပွဲအတွက် ပြင်ဆင်နေမှုများကို ထိခိုက်လိမ့်မည်မဟုတ်ဟုလည်း ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေး အစိုးရ၏ မူဝါဒများကြောင့် အားကစားပြိုင်ပွဲနှင့် ဆက်စပ်မှုရှိသည့် ကိစ္စတစ်ခုချင်းစီကို တွက်ချက်မှုများ ပြုလုပ်နေကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို လုံခြုံစိတ်ချစွာနှင့် ဘေးကင်းစွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်သွားမည်ဟု ပွဲကျင်းပရေးကော်မတီက ပြောသည်။

ဂျပန်နိုင်ငံတွင် လူပေါင်း ၇၀၀ ခန့်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု စမ်းသပ်တွေ့ရှိရသည်။ အဆိုပါအရေအတွက်သည် တရုတ်နိုင်ငံပြီးလျှင် အရေအတွက် အများဆုံးပမာဏလည်းဖြစ်သည်။

**ဆင်ဟွာ**

# ဆီးရီးယားတွင် လူသားများကြောင့်ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေဆိုးကိုရပ်တန့်ပေးရန် ကုလအကြီးအကဲပြော


**ဂျီနီဗာ ဖေဖော်ဝါရီ ၂၂**
ဆီးရီးယား ပြည်သူများ အပေါ် ကျူးလွန်နေသည့် လူသားများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေဆိုးကြီးကို ချက်ချင်းရပ်တန့်ပေးရန် လိုအပ်ကြောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ဌာနချုပ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ဆီးရီးယား ပြည်သူများ ကာလရှည်ကြာခံစားနေခဲ့ရသည့် လူသားတို့ဖန်တီးမှုကြောင့် ပေါ်ပေါက်လာရသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာဆိုးကြီးကို ရပ်တန့်ပစ်ရမည်ဟု ကုလအကြီးအကဲက ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် အရပ်သားများ ထိခိုက် ခံစားနေရမှုများကို ကြားသိနေရကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

အမျိုးသမီးများနှင့်ကလေးများ အပါအဝင် လူပေါင်း ၉၀၀၀၀၀ မှာ ယခုဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့်နေရပ်စွန့်ခွာ ထွက်ပြေးနေရကြောင်း၊ လူပေါင်းရာနှင့်ချီ၍ အသတ်ခံနေရကြောင်း၊ ကလေးများမှာ အေးခဲလွန်းသည့် အခြေအနေကြောင့် သေလုမြောပါးဖြစ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တိုက်ပွဲများ ပြင်းထန်လာမှုကြောင့် နေရပ်စွန့်ခွာမှုများ များလာသည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုပါ ခြိမ်းခြောက်လာသည့် အနေအထားတွင်ရှိသည်။

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် အရပ်သားများကို အကာအကွယ်ပေးရေးတို့ကိုလည်း စနစ်တကျ လျစ်လျူရှုခြင်းခံနေရသည်ဟု ကုလအကြီးအကဲက ဆက်လက်ပြောကြားခဲ့သည်။



ဆီးရီးယား-တူရကီနယ်စပ်အနီး ယာယီတဲတွင်နေထိုင်နေသည့် ကလေးတစ်ဦးကို တွေ့ရစဉ်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ လူပေါင်း ၂ ဒသမ ၈ သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောသည်။

**ဆင်ဟွာ**

# ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် ပျံသန်းပြေးဆွဲမှုတွေ ဘယ်တော့ပြန်စနိုင်မလဲ

*ကလျာမိုးမြင့်*

**ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကာလမှာ သင့်အနေနဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ စကားစမြည်ပြောတဲ့အခါ ဘိုးရင်းဆိုတဲ့ စကားလုံးပါခဲ့မယ်ဆိုရင် အဖြစ်နိုင်ဆုံးက အဲဒီအကြောင်းအရာဟာ ဘိုးရင်းရဲ့ ၇၃၇ မက်စ်လေယာဉ်အကြောင်းကလွဲလို့ တခြားမရှိနိုင်ပါဘူး။**




ပျံသန်းပြေးဆွဲမှုရပ်နားထားသည့် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များ။

**ဘိုးရင်းရဲ့သတင်းကောင်း**

၇၃၇ မက်စ်လေယာဉ် နှစ်စင်း မတော်တဆပျက်ကျမှုဖြစ်ခဲ့ပြီးတဲ့နောက်မှာ ဘိုးရင်းရဲ့ ခက်ခဲစွာ ရုန်းကန်ရတဲ့ အခြေအနေကိုရောက်ရှိခဲ့တာကြောင့် ကမ္ဘာ့ရောင်းအားအကောင်းဆုံး ခရီးသည်တင်လေယာဉ်ရဲ့ နောက်မျိုးဆက်တွေကို ဆက်လက် ပျံသန်းခွင့်မရတော့ဘဲ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ရပ်နားထားခဲ့ရပါတယ်။ သို့သော်လည်းပဲ မကြာသေးခင်ကတော့ အမေရိကန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်တဲ့ ဘိုးရင်းရဲ့ ၇၇၇ အိတ်စ် အမျိုးအစားလေယာဉ် ပထမဆုံး စမ်းသပ်ပျံသန်းမှုအောင်မြင်ခဲ့တယ်ဆိုတဲ့ သတင်းကောင်းအချို့ကို ကြားသိခဲ့ရပါတယ်။

**ဦးစားပေးအချက်**

ဆီယက်တဲလ်မှာ အခြေစိုက်ထားတဲ့ ဘိုးရင်းကုမ္ပဏီဟာ ၇၃၇ မက်စ်လေယာဉ်နဲ့ ပတ်သက်ပြီး လုံခြုံမှုအာမခံချက်ပေးနိုင်ရေးနဲ့ လေယာဉ်ကို ဦးစိုက်ထိုးဆင်းမှုကို ထိန်းချုပ်တဲ့စနစ်(MCAS) ဘေးကင်းစွာလုပ်ငန်းဆောင်ရွက်နိုင်စေဖို့အပြင် လေကြောင်းလိုင်းတွေအနေနဲ့ အနာဂတ်မှာ ဘိုးရင်းလေယာဉ်တွေ အော်ဒါမှာယူမှုရှေ့ဆိုင်းမသွားစေဖို့ဆိုတဲ့ အချက်တွေကို အဓိကဦးစားပေးပြီး အလေးအနက်ထားကြိုးပမ်းနေခဲ့ပါတယ်။

လုံခြုံရေးဆိုင်ရာ စိုးရိမ်ကြောင့်ကြရမှုတွေ၊ နှောင့်နှေးကြန့်ကြာမှုတွေ ဆက်တိုက်ဆိုသလို ဖြစ်ခဲ့ရပြီး ၇၃၇ မက်စ်လေယာဉ်တွေကို ယာယီထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရပေမယ့်လည်း ၇၃၇ မက်စ်လေယာဉ်တွေ ပုံမှန်အတိုင်းပျံသန်းပြေးဆွဲမှုတွေ ပြန်လည်စတင်နိုင်ဖို့ နီးကပ်လာပြီလို့ ဘိုးရင်းကုမ္ပဏီတာဝန်ရှိသူတွေက မေးမြန်းမှုတွေကို ဖြေကြားခဲ့တာဖြစ်ပါတယ်။

**အသိအမှတ်ပြုဖို့ စောင့်ဆိုင်းနေ**

ကမ္ဘာတစ်ဝန်းက ဘိုးရင်းလေယာဉ်ရောင်းချသူအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြင်းထန်တဲ့ သက်ရောက်မှုတွေကို ခံစားရကောင်း ခံစားရနိုင်ပေမယ့်လည်း ၇၃၇ မက်စ်လေယာဉ် ထုတ်လုပ်မှုအပိုင်းမှာ ဆက်စပ်ပါဝင်နေတဲ့ ဝန်ထမ်းအလုပ်သမားတစ်ယောက်ကိုမှ အလုပ်ကနေ ထုတ်ပယ်ဖို့မရှိဘူးလို့ သိရပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် လေယာဉ်ထုတ်လုပ်တဲ့ကုမ္ပဏီတွေဟာ လေယာဉ်တွေကို ပေးပို့ပြီး နောက်မှာမှ လေယာဉ်အတွက် ငွေပေးချေမှုကို လက်ခံရရှိကြတယ်။ အခုအခါမှာတော့ အချိန်တွေ အလဟဿ ကုန်ဆုံးပြီး သောင်တင်နေခဲ့ရတဲ့ ဘိုးရင်း ၇၃၇ မက်စ် လေယာဉ်တွေဟာ ပြန်ပြီးအသိအမှတ်ပြုခံရဖို့ကို စောင့်ဆိုင်းနေကြပါတယ်။

**ယုံကြည်မှုရှိရဲ့လား**

ဒီတစ်ခါမှာ ပေါ်ထွက်လာမယ့် မေးခွန်းတွေကတော့ လေကြောင်းလိုင်းတွေအနေနဲ့ ဘိုးရင်းရဲ့ လေယာဉ်တွေကို အမှန်တကယ် လက်ခံလိုစိတ်ရှိရဲ့လားဆိုတာနဲ့ ခရီးသည်တွေအနေနဲ့ အဲဒီလေယာဉ်တွေပေါ်မှာ စီးနင်းလိုက်ပါဖို့ ယုံကြည်မှုရှိမရှိဆိုတဲ့ မေးခွန်းတွေဖြစ်လာနိုင်ပါတယ်။ ဘိုးရင်းဟာ ကနဦးမှာ တစ်လလျှင် ၇၃၇ မက်စ်လေယာဉ်ကိုယ်ထည်ပေါင်း ၄၂ ခုအထိ လျှော့ချခဲ့ရပြီး အခုလက်ရှိမှာဆိုရင် ဝါရှင်တန်ရှိ ရန်တန်မှာ ထုတ်လုပ်မှုအားလုံးကို ရပ်ဆိုင်းထားခဲ့ရပြီ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် မတ်လကနေ စတင်ရပ်ဆိုင်းထားခဲ့ရတဲ့ မက်စ်လေယာဉ်တွေ ပြန်လည် ပျံသန်းပြေးဆွဲမှုနဲ့ ပတ်သက်ပြီး ဘိုးရင်းက လတ်တလောမှာတော့ တိုက်ရိုက်ဖော်ပြမှုတစ်ခုခု လုပ်ဆောင်ခြင်း မရှိသေးပါဘူး။ မတူညီတဲ့စံနှုန်းတွေနဲ့ လေကြောင်းပျံသန်းမှုတွေလုပ်ဆောင်နေကြတဲ့ အမေရိကန်လေကြောင်းကုမ္ပဏီတွေဖြစ်ကြတဲ့ Southwest နဲ့ American Airlines တွေ ဆိုရင် လာမယ့် ၂၀၂၀ ဇူလိုင်လမတိုင်ခင်အထိ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်ပျံသန်းမယ့် အစီအစဉ်တွေကို ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။

> **“ဒီတစ်ခါမှာ ပေါ်ထွက်လာမယ့် မေးခွန်းတွေကတော့ လေကြောင်းလိုင်းတွေအနေနဲ့ ဘိုးရင်းရဲ့လေယာဉ်တွေကို အမှန်တကယ် လက်ခံလိုစိတ်ရှိရဲ့လားဆိုတာနဲ့ ခရီးသည်တွေအနေနဲ့ အဲဒီလေယာဉ်တွေပေါ်မှာ စီးနင်းလိုက်ပါဖို့ ယုံကြည်မှု ရှိမရှိဆိုတဲ့ မေးခွန်းတွေဖြစ်လာနိုင်”**

**ထုတ်လုပ်မှုပြန်စဖို့ အရှိန်ယူ**

ဘိုးရင်းရဲ့ စီအီးအိုအသစ်ဖြစ်တဲ့ ဒေ့ဗ်ကယ်လ်ဟွန်းကကုမ္ပဏီဝန်ထမ်းတွေဆီ ရေးသားခဲ့တဲ့ အီးမေးလ်မှာ ကုမ္ပဏီဟာ ဝယ်လိုအားကွင်းဆက်နဲ့ လုပ်သားအင်အားဆိုင်ရာ ကျွမ်းကျင်မှုကို ဆက်လက်ထိန်းသိမ်းထားဖို့ ဆက်လက် အရှိန်ယူလုပ်ဆောင်နေပြီဖြစ်ပြီး ဒါကြောင့် လေယာဉ်ထုတ်လုပ်ရေးပြန်စဖို့အတွက် အသင့်အနေအထားဖြစ်နေပြီလို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဇန်နဝါရီ ၂၁ ရက်က ဘိုးရင်းကုမ္ပဏီရဲ့ ထုတ်ပြန်ချက်ထဲမှာ ကုမ္ပဏီအနေနဲ့ ၂၀၂၀ ပြည့်နှစ်အလယ်လောက်မှာ ၇၃၇ မက်စ်လေယာဉ်တွေ ဆက်ပြီးသောင်တင်မနေတော့ဘဲ ပျံသန်းပြေးဆွဲမှုတွေ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်မှန်းထားတယ်လို့ သိရပါတယ်။

**တိုးတက်ဖြစ်ထွန်းမှုရှိ**

ဘိုးရင်းအနေနဲ့ ၇၃၇ မက်စ်လေယာဉ် ဆော့ဖ်ဝဲကို တရားဝင်အသိအမှတ်ပြုဖို့နဲ့ လေယာဉ်နဲ့ဆက်စပ်တဲ့ လေ့ကျင့်မှုတွေပြုပြင်မွမ်းမံဖို့ ပြင်ဆင်ထားတဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ ဖက်ဒရယ် လေကြောင်းအာဏာပိုင်အဖွဲ့အစည်း (FAA) နဲ့ တခြားသော နိုင်ငံတကာဆိုင်ရာ တရားဝင်ထိန်းသိမ်းရေးအဖွဲ့အစည်းတွေနဲ့ အတူတကွ လက်တွဲလုပ်ဆောင်နေတာဖြစ်လို့ ၇၃၇ မက်စ်လေယာဉ်တွေ ဘေးကင်းစွာ ပြန်လည်ပျံသန်းနိုင်စေဖို့ အထောက်အကူဖြစ်မယ့် သိသာထင်ရှားတဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကို ပြီးခဲ့တဲ့ လအနည်းငယ်အကြာမှာပဲ လုပ်ဆောင်နိုင်ခဲ့တယ်လို့ ဘိုးရင်းက ဆက်လက်ဖော်ပြထားပါတယ်။

**အပျက်အစီးတွေ့**

ဒီရက်ပိုင်းမှာပဲ ဘိုးရင်းလေယာဉ်နဲ့ ပတ်သက်တဲ့ သတင်းတစ်ခု ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။ ဘိုးရင်းကုမ္ပဏီက ပေးပို့ရခြင်းမရှိသေးတဲ့ ၇၃၇ မက်စ် လေယာဉ်ရဲ့ လောင်စာကန်တွေထဲမှာ အပျက်အစီးကို တွေ့ရတယ်လို့ဆိုထားပြီး ဒီကိစ္စက လေယာဉ်တွေရဲ့ အရည်အသွေးထိန်းချုပ်မှုပိုင်းဆိုင်ရာ ပြဿနာကိုဖြေရှင်းဖို့ ကုမ္ပဏီရဲ့ ကြိုးပမ်းမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

ဝါရှင်တန်နဲ့ တက္ကဆက်ပြည်နယ်တွေမှာရှိတဲ့ စက်ရုံတွေမှာ ရပ်နားထားတဲ့ အရေအတွက်ဘယ်လောက်မှန်းမသိရတဲ့ ဂျက်လေယာဉ်တွေထဲမှာ အပျက်အစီးရှိနေတာကို တွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ လေယာဉ်ရဲ့ ပျံသန်းမှုထိန်းချုပ်တဲ့ဆော့ဖ်ဝဲနဲ့ လေ့ကျင့်ရေးပိုင်းဆိုင်ရာတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ပြီးတဲ့နောက် မက်စ်လေယာဉ်တွေကို ပြန်လည် ပျံသန်းပြေးဆွဲနိုင်ဖို့အတွက် တရားဝင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်းတွေထံက ခွင့်ပြုချက်ကို စောင့်ဆိုင်းနေတယ်ဆိုတဲ့ အချိန်မှာပဲ ဒီကိစ္စက ဖြစ်လာခဲ့တာပါ။

**အဟန့်အတားဖြစ်လာနိုင်မလား**

ဘိုးရင်းကုမ္ပဏီကတော့ ၎င်းအနေနဲ့ အခုနောက်ဆုံးတွေ့ရတဲ့ လောင်စာကန်ထဲက အပျက်အစီးကိစ္စဟာ လေယာဉ်တွေ လုပ်ငန်းပြန်စရေးမှာ ပြဿနာတစ်ခုဖြစ်လာနိုင်တယ်လို့ မထင်မိဘူးလို့ ဆိုပါတယ်။ ပုံမှန်လုပ်ဆောင်နေကျ စစ်ဆေးမှုတွေ ဆောင်ရွက်နေချိန်အတွင်းမှာပဲ အပျက်အစီးကို တွေ့ခဲ့တာဖြစ်တယ်လို့ ဆိုထားပေမယ့် လေယာဉ်အစင်းပေါင်း ဘယ်နှစင်းအထိ ဒါမျိုးတွေ့ရှိရတယ်ဆိုတာကို အသေးစိတ်ဖော်ပြခြင်း မရှိပါဘူး။ ဒီကိစ္စကို လေကြောင်းသတင်းတွေ ဖော်ပြတဲ့ သတင်းစာမျက်နှာတစ်ခုဖြစ်တဲ့ leeham.net မှာ အရင်ဆုံး ဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား–ဖောက်စ်နယူး**

## နိုင်ငံတကာသတင်းတိုထွာ

### အစ္စရေးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပထမဆုံးဖြစ်ပွားမှုတွေ့ရှိ

**တဲလ်အဗစ် ဖေဖော်ဝါရီ ၂၂**

တိုကျိုမြို့တောင်ပိုင်းတွင် ကျောက်ချရပ်နားခဲ့ရသည့် အပျော်စီးသင်္ဘောပေါ်၌ လိုက်ပါလာသည့် အစ္စရေးအမျိုးသမီးမှာ တိုင်းပြည်အတွင်းသို့ ပြန်လည်ရောက်ရှိသည့်အခါ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

၎င်းသည် အစ္စရေးနိုင်ငံအတွင်း ပထမဆုံးကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူလည်း ဖြစ်သည်။ သို့သော် ၎င်းရောဂါကူးစက်ခံထားရခြင်းမှာ အစ္စရေးနိုင်ငံရောက်မှ ကူးစက်ခံရခြင်းမဟုတ်ဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ Diamond Princess အပျော်စီးသင်္ဘောပေါ်တွင် အစ္စရေးနိုင်ငံသား ၁၁ ဦးလိုက်ပါလာခဲ့ပြီး ၎င်းတို့အားလုံးမှာ ဖေဖော်ဝါရီ ၂၁ ရက်က အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### တောင်ကိုရီးယားတွင် COVID –19 ကူးစက်ခံရသူ ၄၃၃ ဦးအထိရှိလာ

**ဆိုးလ် ဖေဖော်ဝါရီ ၂၂**

တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ် (COVID –19) ကူးစက်ခံရသူ ၂၂၉ ဦး ထပ်ရှိလာကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် အတည်ပြုပြောကြားခဲ့ရာ ကူးစက်ခံရသူအရေအတွက်မှာ ၄၃၃ ဦးအထိ ရှိလာပြီဖြစ်သည်။ ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးဌာနက ဒေသစံတော်ချိန် နံနက် ၁၀နာရီနှင့် ညနေ ၅ နာရီတို့တွင် ကူးစက်ခံရသူ အရေအတွက်စာရင်းများကို အသစ်ပြင်ဆင်ကာ အသိပေးကြေညာခဲ့သည်။

ဆိုးလ်မြို့မှ ကီလိုမီတာ ၃၀၀ခန့်အကွာရှိ ဒေဂူမြို့တွင် နေထိုင်သည့်ဒေသခံ ၂၀၀ မှာ ရောဂါကူးစက်ခံထားရကြောင်းသိရသည်။ ဒေဂူမြို့နှင့် ဂွန်ဆန်းစီရင်စုတို့တွင် ကူးစက်ခံရသူအရေအတွက်မှာ ၃၅၂ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ဆေးရုံတွင်လည်း COVID –19 ကြောင့် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နှစ်ဦးသေဆုံးခဲ့ရပြီဖြစ်သည်။ COVID –19 ကူးစက်ခံရသူ အရေအတွက်မှာ ပြီးခဲ့သည့် နှစ်ရက်အတွင်းမြင့်တက်လာပြီး ဒေဂူမြို့နှင့် ချန်ဒူးမြို့တို့ကို အထူးစီမံခန့်ခွဲရေးဇုန်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်က သတ်မှတ်ခဲ့သည်။

**ဆင်ဟွာ**

# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဓာတ်အားစနစ်မရရှိသေးသော ကျေးရွာများအား ပုဂ္ဂလိက လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အား စနစ် မရောက်ရှိသေးသော ကျေးရွာ ၁၇ ရွာသို့ မာန်မြင့်ဟိန်းကုမ္ပဏီ လီမိတက်မှ ၂၄ နာရီပုဂ္ဂလိက လျှပ်စစ် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်း က တံခွန်တိုင်ကျေးရွာ ဘောလုံးကွင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်တို့က အမှာစကားပြောကြား သည်။

ထို့နောက် မာန်မြင့်ဟိန်းကုမ္ပဏီ လီမိတက်မှဒါရိုက်တာ ဦးခင်ဇော်က ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တံခွန်တိုင်၊ ခလယ်၊ တောင်ဒီ၊ ထိမံထို၊ ကျုံခဝန် ဖားပြကျေးရွာခြောက်ရွာရှိ အခြေခံ ပညာအထက်တန်းကျောင်းများသို့ ဘင်ခရာတီးဝိုင်း ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းများမှ ဆရာ ဆရာမများက လက်ခံယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း အခမ်းအနား ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။ **(အပေါ်ပုံ)**

အဆိုပါပုဂ္ဂလိက၂၄နာရီ လျှပ်စစ် ဓာတ်အားကို ကျေးရွာ ၁၇ ရွာတွင် မီတာ၂၄၈၈ လုံးတပ်ဆင်ပြီးသဖြင့် လျှပ်စစ်မီးကိုတစ်ယူနစ်လျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် စတင်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ တနင်္သာရီတိုင်းဒေသကြီး၌ ကျင်းပ

**သရက်ချောင်း ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် ဖေဖော်ဝါရီ ၁၉ ရက်က ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လယ်ယာမြေလုပ် ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သရက်ချောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအသီးသီးတွင် မြေယာကဏ္ဍများတွင် အဂတိ တရားကင်းစွာ ဖြင့်ဆောင်ရွက်သွားကြရန်နှင့်ပြည်သူများ၏လူမှုဘဝအကျိုးစီးပွားကို ထိန်းသိမ်း စောင့်ရှောက်မှသာ ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ထောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်း ဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းတို့က တောင်သူ ၆၉ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)များ ပေးအပ် သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက မိမိတို့ တိုင်းဒေသကြီး ဝန်ကြီး ဌာနများအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြောကြားပြီး တက်ရောက်လာသော ပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် လမ်း၊ တံတား၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊သိမ်းဆည်းမြေများ ပြန်လ ည်ရရှိရေးစသည့်ကဏ္ဍမျိုးစုံတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးများနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍ အလိုက်ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မျိုးချစ်ဦး(ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ဒေသခံများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ပေးအပ်စဉ်။

# ကြံခင်းမြို့နယ် ထိန်ပင်မြောင်(အထက်)ကျေးရွာ နေစွမ်းအင်သုံး ကျေးလက်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ကြံခင်း ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၊ မဟာဓာတ်အားလိုင်း ပြင်ပ၊ ကျေးလက်မီးလင်းရေး အစီအစဉ်၊ ကမ္ဘာ့ဘဏ်၊ ဂျာမနီပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့တို့၏ နည်းပညာ ပံ့ပိုးမှုဖြင့် နိုင်ငံတော်နှင့် ပြည်သူ၊ Mandalay Yoma Energy ကုမ္ပဏီတို့ ပူးပေါင်း ဆောင်ရွက်သောအသေးစား ဓာတ်အားလိုင်း မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကြံခင်း မြို့ ထိန်ပင်မြောင် (အထက်)ကျေးရွာ Solar Station ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးလှမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင် အောင်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးချုပ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ အမှတ် (၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မျိုးလင်း၊ Mandalay Yoma Energy ကုမ္ပဏီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးပြီး နေစွမ်းအင်သုံးအသေး စားဓာတ်အားလိုင်းစနစ် ကျေးလက် မီးလင်းရေးဆိုင်းဘုတ်ကို ဝန်ကြီးချုပ် က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး Mandalay Yoma ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နေ စွမ်းအင်သုံး အသေးစားဓာတ်အား လိုင်းသည် ၁၁၄ ကီလိုဝပ် ၁၈၀ ကေဗွီ ဂျင်နရေတာ အသုံးပြုထားပြီး ၂၄ နာရီ မီးလင်းရေးအတွက် ဘက်ထရီ ၁၈၃ ကီလိုဝပ်ဖြင့် နောက်ဆုံးပေါ်ပစ္စည်း အသုံးပြုထားကြောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကရည်ရွယ်ချက်ဖြစ်သော အသေး စားစက်မှုလုပ်ငန်း အသုံးပြုနိုင်ရေး အတွက် ဆောင်ရွက်ထားကြောင်း ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၂**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ မိမိတို့ အစိုးရလေးနှစ်တာကာလတွင် ၄၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခဲ့ သည်ကိုတွေ့မြင်ရကြောင်း၊ မည်သည့် ကဏ္ဍများတွင် တိုးတက်လာသည်ကို စိစစ်ရန်လိုပြီးပြည်သူများကို မက်ဆေ့ချ် ပေးနိုင်ရမည် ဖြစ်ကြောင်း၊ အလားတူ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၏ တိုးတက်လာမှု အခြေအနေများကို လည်း ချပြဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။ ယင်းနောက်ပြည် နယ် ဝန်ကြီး ချုပ်က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့်Soppai Co.,Ltd. မှ သဘာဝအခြေခံဟိုတယ်နှင့် အပန်းဖြေ စခန်းဝန်ဆောင်မှုပေးခြင်း လုပ်ငန်း ကို အတည်ပြုမိန့် ထုတ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်အတွင်း မျိုးရင်းဝက်မွေးမြူ ထုတ်လုပ်ခြင်း၊ ရေအား လျှပ်စစ်ထုတ်လုပ်နိုင်ရန်နှင့် ထွက်ရှိလာသော လျှပ်စစ်ဓာတ်အား များကို ဖြန့်ဖြူးရောင်းချခွင့်၊ စက်မှု ဇုန်၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန် ဆောင်ရွက်ခွင့် စသည်တို့ နှင့်စပ်လျဉ်း ၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်း လိုင်စင်ရယူ ဆောင်ရွက်ရမည့်အခြေ အနေများကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက် လာသူများက လိုအပ်သည်များ ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွန်းလေး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၄၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၆၅ | ကျပ် | ၈၅၀/၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၈၀ | ကျပ် | ၈၀၀/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၀ | ကျပ် | ၉၀၀/၉၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၀ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၆ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၃ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၈ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၁၉၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၉ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ . ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၉၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၄၄၅၂ | ၅၃၄၂၄၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၄၂၅၂ | ၁၆၇၉၅၄၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၇၀ | ၅၇၄၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၇ | ၁၅၄၁၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၂၄ | ၆၉၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# နွေရာသီမှာ ကလေးတို့ ဘာလုပ်ကြမလဲ

ကေ-ဂျူဝယ်လ်

**နွေရာသီရောက်လာလို့ ကလေးတို့ ကျောင်းတွေလည်း ပိတ်ကြတော့မယ်နော်။ မကြာမီရက်ပိုင်းအတွင်းမှာ မောင်လေးတို့ ညီမလေးတို့ရဲ့ နွေရာသီကျောင်းပိတ်ရက်တွေက စတင်တော့မှာပါ။ နွေရာသီဆိုတာ ပူပြင်းခြောက်သွေ့ပေမယ့် ကလေးတို့ကတော့ အိမ်ထဲမှာဖြစ်ဖြစ်၊ အိမ်အပြင်ဘက်မှာဖြစ်ဖြစ် ပျော်ပျော်ရွှင်ရွှင်ဆော့ကစားကြရင်း အားလပ်ရက်တွေကို ကျော်ဖြတ်ကြရမှာပါ။ မမကတော့ နွေရာသီမှာ ကစားကြရင်း သဘာဝတရားကြီးနဲ့ ကလေးတို့ ရင်းနှီးခင်မင်အောင် နေထိုင်လို့ရတဲ့ နည်းလမ်းလေးတွေကို ပြောပြချင်ပါတယ်။**



ကလေးတို့သိတဲ့အတိုင်း အခုခေတ်မှာ ကလေးတို့ဟာ ဖုန်းတွေ၊ ကွန်ပျူတာတွေ၊ တီဗွီတွေရဲ့ မျက်နှာပြင်မှန်သားပေါ်မှာပဲ အချိန်ကုန်နေတတ်ကြတာ။ အဲဒါက ကလေးတို့ကျန်းမာရေးအတွက်တော့ လုံးဝမကောင်းဘူးပေါ့။ ဖြစ်နိုင်မယ်ဆိုရင် အချိန်တော်တော်များများကို သဘာဝတရားကြီးကို ခံစားရင်း ကုန်ဆုံးကြမယ်ဆိုရင် ကလေးတို့ဟာ ချစ်စရာကောင်းတဲ့ လောကကြီးအကြောင်းကို ပိုသိလာမယ်။ အဲဒီအခါ ကလေးတို့ဟာ ပိုပြီးကျန်းမာသန်စွမ်းလာမယ်။ ပျော်စရာကောင်းပြီး လက်တွေ့ကျတဲ့ သဘာဝရဲ့ ကလေးလေးတွေအဖြစ်လည်း ကောင်းကောင်း ရှင်သန်လာကြမှာပေါ့။

ဒီနှစ်နွေရာသီမှာ ကလေးတို့ကို သဘာဝလှုပ်ရှားမှုလေးတွေလုပ်ပြီး မေမေတို့ ဖေဖေတို့လည်း အံ့သြသွားအောင် ကလေးတို့အတွက် နည်းလမ်းလေးတချို့ကို မိတ်ဆက်ပေးချင်ပါတယ်။ ဒီနည်းလမ်းလေးတွေဟာ ကလေးတို့အတွက် ဘဝတစ်လျှောက်လုံး သတိရဖြစ်စေမယ်လို့လည်း မမကတော့ ယုံကြည်ပါတယ်။ ကဲစလိုက်ကြရအောင်နော်။



**ငှက်ကလေးတွေအတွက် လက်ဆောင်အိမ်ကလေး**

ကလေးတို့အိမ်မှာ ပိုနေတာ၊ ဒါမှမဟုတ် မသုံးတော့ဘဲ လွှင့်ပစ်တော့မယ် သစ်သားအပိုင်းအစလေးတွေ၊ ဝါးတံလေးတွေနဲ့ သစ်သားတူလေးတွေနဲ့ ကလေးတို့ လုပ်တတ်သလောက် ငှက်ကလေးတွေနေဖို့ အိမ်လေးတွေဆောက်ပြီး လက်ဆောင်ပေးနိုင်ပါတယ်။ သူငယ်ချင်းအချင်းချင်း အိမ်ကလေးတွေကို စိတ်ကူးစိတ်သန်းမျိုးစုံနဲ့ ဆောက်ကြပေ့ါ။ မမငယ်ငယ်တုန်းက မမတို့ သူငယ်ချင်းတွေဟာ မြို့ပေါ်မှာ တိုက်ခန်းတွေနဲ့ နေကြတဲ့အတွက် ငှက်ကလေးတွေ မလာကြဘူးလို့ ထင်ကြတယ်။ တကယ်လည်း မမတို့ အိမ်နားမှာ ငှက်ကလေးတွေ ရှားတာပေ့ါ။ ဒါပေမယ့် ဘုရားဖူးသွားတဲ့အခါ၊ ပန်းခြံကိုအလည်သွားတဲ့အခါ အသင့်လုပ်ထားတဲ့ ငှက်အိမ်လေးတွေကိုယူပြီး သစ်ပင်လေးတွေပေါ်မှာ ချိတ်ထားလိုက်တာပေ့ါ။ ဘုရားကို နောက်တစ်ခါ ပြန်ရောက်တဲ့အခါ မမရဲ့ ငှက်အိမ်လေးမှာ ငှက်ကလေးတွေက နေရာယူနေကြပြီလေ။ ကလေးတို့လည်း ကိုယ်တိုင်အတတ်နိုင်ဆုံး ငှက်အိမ်ကလေးဆောက်ပါ။ မဆောက်တတ်ဘူးဆိုရင်လည်း ဖေဖေ မေမေတို့ကို အကူအညီတောင်းပြီး နည်းလမ်းမေးကြည့်ပါ။ ကိုကို၊ မမတွေနဲ့ တိုင်ပင်ပြီး အလှပဆုံး ငှက်အိမ်လေးကို ဆောက်ပြီး ငှက်ကလေးတွေကို လက်ဆောင်ပေးဖို့ ကြိုးစားပါလို့ မမက တိုက်တွန်းပါတယ်။

**သဲတွေနဲ့ဆော့ပါ**

ကလေးတွေအများစုမှာ ကလေးကစားစရာ ဇွန်းကလေးတွေ၊ ပုံးကလေးတွေ၊ မြေတူးတဲ့ ခက်ရင်းကလေးတွေ ကိုယ်စီရှိတတ်ပါတယ်။ မြေကြီးတွေကို ရေစွတ်ပြီး နူးနူးမြေလိုရအောင် နယ်ဖူးကြသလား။ မမတို့ ငယ်ငယ်ကတော့ ရွှံ့တွေနဲ့ ဆော့ကြတာပဲ။ ဒါဟာ သဘာဝနဲ့ အတော်လေးနီးစပ်ပြီး မြေကြီးပေါ်မှာ ဆော့ရတာမို့ ပျော်စရာလည်းကောင်းပါတယ်။ ကလေးတို့ရဲ့ လက်ချောင်းကလေးတွေဟာ သဲနုန်းကလေးတွေကိုကိုင်ရင်း သန်မာလာတာကို တွေ့ရမှာပါ။ အမြဲတမ်း စာရေးနေရတဲ့ လက်ချောင်းကလေးတွေကို သဲတွေ၊ ရွှံ့တွေကို ကိုင်တွယ်ရင်း အားကောင်းလာပါစေလို့ မမကမျှော်လင့်ပါတယ်။ ဒီနည်းလမ်းကို လူကြီးတွေကတော့ ညစ်ပတ်တယ်ဆိုပြီး သိပ်တော့ကြိုက်ကြမှာ မဟုတ်ဘူးနော်။ ကလေးတို့ကလည်း သတိထားပြီးတော့ ကိုင်တွယ်ဖို့ လိုပါတယ်။ သဲတွေ၊ ရွှံ့တွေဟာ ကလေးတို့ လက်သည်းလေးတွေရဲ့ ထိပ်မှာ ကပ်နေမှာဖြစ်လို့ ဆော့ပြီးတာနဲ့ လက်တွေ၊ ခြေထောက်တွေကို ပြောင်နေအောင် သန့်စင်ဆေးကြောဖို့ လိုပါတယ်။ အဝတ်အစားတွေကိုလည်း သဲတွေ၊ ဖုန်တွေကပ်နေတတ်တာမို့ ပြန်လည်လဲလှယ်ဖို့ လိုပါတယ်။ ဒါမှသာ နောက်တစ်ခါ သဲတွေနဲ့ဆော့ခွင့်ကို လူကြီးတွေက ပေးမှာပေ့ါ။ သဲနဲ့လုပ်တဲ့ အိမ်ကလေးတွေ၊ ဂူလေးတွေ၊ တွင်းကလေးတွေနဲ့ လက်မှုပစ္စည်းလေးတွေဟာ ကလေးတို့ကို ပျော်စေမှာတော့အမှန်ပဲနော်။

**သဘာဝလက်ဆောင်လေးတွေ စုစည်းပါ**

ကလေးတို့ လက်ဆောင်ရဖူးကြသလား။ မွေးနေ့တို့၊ ကျောင်းပိတ်ပွဲတို့နဲ့ ခရစ္စမတ်တို့ နှစ်သစ်ကူးတို့မှာ လက်ဆောင်လေးတွေ ရတတ်မှာပေ့ါနော်။ မရဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ ကလေးတို့က ကိုယ်တိုင်အတွက် လက်ဆောင်လေးတွေ ဖန်တီးယူလိုက်ပါ။ ပိုက်ဆံလည်း မကုန်ဘဲ သူငယ်ချင်းတွေကို ကိုယ်တိုင်လုပ်ထားတဲ့ သဘာဝလက်ဆောင်လေးတွေ ပေးလို့ရပါတယ်။ ကလေးတို့ ပတ်ဝန်းကျင်မှာရှိတဲ့ အရွက်ကလေးတွေ၊ ပန်းကလေးတွေနဲ့ အင်းဆက်ကောင်လေးတွေ၊ တိရစ္ဆာန်လေးတွေရဲ့ အရိုးတွေ၊ အခွံတွေကို အသုံးပြုပြီး လက်ဆောင်လေးတွေ ဖန်တီးလို့ရပါတယ်။ ပထမဆုံးကတော့ အရိုးတွေ ဖြစ်ပါတယ်။ ကလေးတို့မေမေကို မေးကြည့်ပါ။ ငါးအကောင်လိုက် အရိုးတွေ၊ ကြက်သားအရိုးနဲ့ အခြားလွှင့်ပစ်မယ့် အရိုးတွေကို သန့်စင်အောင် ဆေးကြောပြီး ကလေးတို့က



ခြောက်နေအောင် နေပူမှာ လှန်းထားရမှာ ဖြစ်ပါတယ်။ ကလေးတို့ကိုယ်တိုင် သန့်သန့်ရှင်းရှင်းနဲ့ လုပ်တတ်ဖို့တော့ လိုမှာ ပေ့ါနော်။ ပြီးရင် ရောင်စုံရေဆေးလေးနဲ့ ကိုယ်ကြိုက်တဲ့အရောင်ကို အရိုးလေးတွေမှာ ခြယ်သပြီး သိမ်းထားလိုက်ပါ။

နောက်တစ်ခုက သစ်ရွက်ကလေးတွေ ဖြစ်ပါတယ်။ သစ်ရွက်ကလေးတွေဟာ ပုံသဏ္ဍာန်မျိုးစုံရှိတာမို့ အားလုံးက ချစ်ဖို့ကောင်းပါတယ်။ မတူတဲ့ သစ်ရွက်ကလေးတွေကို စုဆောင်းပြီး ကလေးတို့ရဲ့ စာအုပ်အဟောင်းတစ်အုပ်ထဲမှာ ကြားညှပ်ပြီး ခြောက်သွေ့အောင် လုပ်ထားလိုက်ပါ။ လှပတဲ့ သစ်ရွက်ခြောက်ကလေးတွေ ပိုင်ဆိုင်နိုင်ပါပြီ။ နောက်တစ်ခုကတော့ ငှက်မွေး ငှက်တောင်လေးတွေ ဖြစ်ပါတယ်။ ငှက်ကလေးတွေရဲ့ အမွေးအတောင်လေးတွေဟာ အလွန်ကို နူးညံ့ပြီး လှပါတယ်။ အရောင်စုံရှိသလို ပုံစံကလည်း အစုံပါပဲ။ ဒါတွေကိုလည်း ကလေးတို့ စုဆောင်းထားလိုက်ပါ။ နောက်ဆုံးတစ်ခုကတော့ အင်းဆက်ပိုးကောင်လေးတွေဖြစ်တဲ့ လိပ်ပြာလေးတွေ၊ ပုစဉ်းကလေးတွေ သေနေတာတွေ့ရင်လည်း သစ်ရွက်တွေလို စာအုပ်ကြားထဲကို ညှပ်ထားလိုက်ပါ။ ခရုခွံလေးတွေ၊ ကမာခွံလေးတွေကလည်း လှပတဲ့လက်ဆောင်လေးတွေ ဖန်တီးလို့ရပါတယ်။ ရွှေရောင်တောက်တောက်နဲ့ ပိုးတောင်မာတွေ၊ ချီးပိုးထိုးကောင်လို အခွံမာမာကြီးတွေ၊ ဒါးခုတ်ကောင်လို အင်းဆက်ကောင်လေးရဲ့ လက်တွေဟာလည်း ကလေးတို့အတွက် အသုံးဝင်မှာမို့ သိမ်းထားဖို့ လိုပါတယ်။ အားလုံးစုံလင်ပြီဆိုရင်တော့ ကလေးတို့ဟာ စက္ကူပေါ်မှာဖြစ်ဖြစ်၊ သစ်သားပြားပေါ်မှာဖြစ်ဖြစ် စုံလင်တဲ့ သဘာဝလက်ဆောင်လေးတွေကို ကပ်ပြီး ဓာတ်ပုံထည့်တဲ့ ဘောင်လေးတွေ၊ စားပွဲတင်ပန်းချီကားလေးတွေအဖြစ် ဖန်တီးလို့ရသွားပါပြီ။ ကဲ မယုံရင် စမ်းပြီး လုပ်ကြည့်လိုက်ကြပါဦးနော်။ နောက်တစ်ပတ်ကျရင် တခြားဘယ်လိုနည်းတွေနဲ့ နွေပိတ်ရက်ကို ပျော်ပျော်ကြီး ဖြတ်သန်းရမယ်ဆိုတာကို မမက ဆက်ပြောပြမယ်နော်။ ။

## လောကဝတ် (Etiquette)

မမမေ

# ကလေးတို့ရဲ့ ပုံရိပ်ကလေးတွေ ပိုပိုပြီး ကြည့်ကောင်းစေချင်

ကလေးတို့အားလုံး ကျောင်းပိတ်ရက်တွေ ရောက်လာပြီမို့ ပျော်နေကြပြီ မဟုတ်လား။ အမှန်ပဲနော်။ မမတို့ ငယ်ငယ်ကလည်း နွေရာသီကျောင်းပိတ်ရက်ကို လက်ချိုးရေတွက်ပြီး မျှော်ခဲ့ကြရတာလေ။ ကျောင်းပိတ်



ရက်ဆိုတော့ ခရီးတွေ ထွက်တဲ့သူက ထွက်၊ သူငယ်ချင်းတွေနဲ့ ဆော့မယ့်သူက ဆော့ပေ့ါ။ တချို့ ကလေးတွေကတော့ နွေရာသီမှာ အားကစားသင်တန်းတွေ၊ ဘာသာစကားသင်တန်းတွေနဲ့ ယဉ်ကျေးလိမ္မာသင်တန်းတွေ တက်ကြဖို့ တာစူနေကြပြီ။ ဒီတစ်ပတ်မှာ မမက ကလေးတို့ ဓာတ်ပုံလေးတွေမှာ အရိပ်အကဲနားလည်မှုရှိရှိနဲ့ ယဉ်ကျေးလိမ္မာတဲ့ အမှတ်တရဖြစ်စရာ ပုံရိပ်ကောင်းလေးတွေရဖို့ ဘယ်လိုနေရမလဲ၊ ဘယ်လိုအရာတွေကို မလုပ်သင့်ဘူးလဲဆိုတာနဲ့ပတ်သက်ပြီး ပြောပြချင်ပါတယ်။


ကလေးအများစုက ဓာတ်ပုံရိုက်ရတာကို သိပ်မကြိုက်ကြဘူးတဲ့။ ကလေးတို့ရော ကြိုက်လား။ ဓာတ်ပုံလေးတွေက ကလေးတို့ ကြီးပြင်းလာတဲ့အခါ အမှတ်ရစရာလေးတွေ ဖြစ်လာမှာမို့ ဓာတ်ပုံကောင်းလေးတွေ ရိုက်ကူးကြဖို့ လိုပါတယ်။ ဓာတ်ပုံရိုက်တဲ့အခါ ကင်မရာကို လုံးဝကြောက်မနေဖို့က အရေးကြီးဆုံးပါပဲ ကလေးတို့ရေ။ မေမေတို့ ဖေဖေတို့၊ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ရိုက်တဲ့အခါမှာလည်း အားလုံးနဲ့ ပျော်ပျော်ရွှင်ရွှင် လိုက်လျောညီထွေရှိဖို့က ကလေးတို့ အနေအထိုင်တတ်ဖို့ လိုပါတယ်။

ဘုရားပေါ်မှာ ဘုရားကို နောက်ခံထားပြီး ဓာတ်ပုံရိုက်တာကို အချို့နိုင်ငံတွေကတော့ ကန့်ကွက်ကြပါတယ်။ ဘုရားကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ ရောက်တဲ့အခါ မရိုမသေ၊ မလေးမစားလုပ်တဲ့ ပုံစံနဲ့ ဓာတ်ပုံ မရိုက်ဖို့တော့ မမက သတိပေးပါရစေ။ ဒါတင်မကသေးပါဘူး။ ဓာတ်ပုံရိုက်တဲ့အခါ ရုပ်ဆိုးစေမယ့် မျက်လုံးကြီးပြူးထားတာ၊ နှုတ်ခမ်းကြီး ထော်ထားတာမျိုး မလုပ်မိဖို့နဲ့ သူများဓာတ်ပုံရိုက်တဲ့အခါ အနောက်ကနေဝင်ပြီး ကိုးရိုးကားရား လုပ်တာမျိုးကိုလည်း မလုပ်သင့်ပါဘူးနော်။ မိသားစုတွေ အမှတ်တရ ဓာတ်ပုံရိုက်ရာမှာလည်း စူပုပ်နေတာမျိုး၊ နောက်ပြောင်တာမျိုး မလုပ်သင့်ပါဘူး။


မေမေတို့ ဖေဖေတို့အတွက် ကလေးတို့ ဘယ်လိုပဲနေနေ ချစ်ဖို့ကောင်းပြီးသား ဖြစ်ပေမယ့် ကလေးတို့ ကြီးလာလို့ ဓာတ်ပုံတွေ ပြန်မြင်ရတဲ့အခါ ရုပ်ဆိုးတဲ့ ပုံတွေချည်းပဲဆိုရင် စိတ်ညစ်စရာ ကောင်းပါတယ်နော်။ အဆိုးဆုံးကတော့ ကလေးလေးတို့ဟာ ဓာတ်ပုံရိုက်ရင် အမြင်မတော်ဖြစ်မယ့် အမူအရာတွေ၊ အရှက်ရစေမယ့် အမူအရာတွေကိုလည်း လုံးဝရှောင်ရှားရမှာ ဖြစ်ပါတယ်။ ကလေးတို့ရဲ့ ငယ်ဘဝအမှတ်တရပုံလေးတွေကို မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ အတူတူ ရိုက်ကူးနိုင်ပါစေ။ ပုံလေးတွေဟာ ကလေးတို့ ဘဝတစ်လျှောက် အမှတ်ရစေမယ့် အရာလေးတွေ ဖြစ်ပါစေလို့ မမဆုတောင်းပေးပါတယ်။ ။






ကိုတင်နှင့် ရပ်ကွက်
HTOO
အား..
ဝူတ်... ဝူတ်...
ဟာ..ဟိုခွေးက ကလေးကို လိုက်ကိုက်နေပါလား....ဟဲ့ခွေး...
ဟဲ့ ခွေး...
ကဲကွာ...
ဂိန်
ကိုက်မိသွားသေးလား ချာတိတ်..
မကိုက်မိဘူး..တော်သေးလို့..
လမ်းသွားတာ သတိထားဖြီးသွားကွာ..ကြားလား
ဟုတ်..ကျေးဇူးပဲ ဦးလေး....
ကိုတင့်အိမ်ပြန်ရောက်တော့ မိချိုက ဆီးကြိုပြီ..
ဘယ်မှာလဲ ယကြာချေးဖို့ ကုံကော်ကိုင်..
အဲမျှ..
ခွေးကိုပစ်လိုက်တဲ့နေရာအမြန်သွား ရှာမှပါပဲ..တွေ့မှ တွေ့ပါဦးမလား.. ဘုရား ကယ်ပါ....




ဘကျော်
ရုပ်ရှင်လေးကမဆိုးပါဘူး။ကြည့်ကောင်းသားပဲ
အင်း...ကောင်းတော့ကောင်းပါရဲ့....။ဒါပေမယ့်...
ဝတ္ထုကိုတော့ မမီဘူး မောင်ရဲ့....။ဝတ္ထုကမှ ပိုပြီးတော့ ကောင်းတာ...
ဒါပေမယ့် ရုပ်ရှင်လည်း သူ့ဘာသာသူတော့ကြည့်ကောင်းပါတယ်ကွ...
တကယ်တော့ ရုပ်ရှင်ကမှကောင်းတာ မေမေရဲ့ ...
ဟင်... သားက ဝတ္ထုဖတ်ဖူးလို့လား
ရုပ်ရှင်မို့လို့သာ ခုလိုအာလူးကြော်တို့၊ ပေါက်ပေါက်တို့၊အအေးတို့၊ရေခဲမုန့်တို့ စားရတာပေါ့...မေမေရဲ့။ ဝတ္ထုသာဆိုဘာမှစားရမှာ မဟုတ်ဘူး...
ရှလွတ်




ကာတွန်း စမ်းချောင်းကိုကိုအောင်
ကမ္ဘာ့ဘောလုံး ပွဲတွေကြည့်ပြီး အားကျတယ်ဟ၊
ကမ္ဘာကျော်ဘောလုံး သမားဖြစ်ချင်လိုက်တာ
ဒါဆို ကြိုးစားပေါ့ကွာ...
ငါ့တောင်အခု မှန်မှန်လေ့ကျင့် ဖြစ်နေပြီ၊
မနေ့က၊ ရပ်ကွက် ဘောလုံးပွဲမှာငါပါ သေးတယ်၊
ငါ မနေ့ကပွဲကို အစအဆုံး ကြည့်ခဲ့ရပါတယ်၊ မင်းကို မတွေ့ပါဘူး...
ဟဲ့ဟီး...အဲဒီပွဲမှာငါက ဘောလုံးကောက်လေ၊



# ထင်ပေါ်ကျော်ကြား ဗြိတိန်တက္ကသိုလ်များ

**သူဇာမြင့်**

ဗြိတိန်နိုင်ငံ၏ ဦးစားပေးကဏ္ဍရပ်များတွင် ပညာရေးကဏ္ဍအဆင့်အတန်း မြှင့်မားရေးသည် တစ်ခုအပါအဝင်ဖြစ်သည့်အလျောက် အရွယ်မရွေး လူတစ်ဦးချင်း၏ အရည်အသွေး ပြည့်ဝမြင့်မားရေး အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအနေဖြင့်လည်း အလားအလာ အလွန်ကောင်းမွန်သည့် အဆင့်မြင့်ပညာရေးများ သင်ကြားပို့ချနေသည့် နိုင်ငံများတွင် တစ်နိုင်ငံဖြစ်ပြီး ဗြိတိန်နိုင်ငံ၏ ပညာရေးအဆင့်အတန်း ထူးချွန်ပြောင်မြောက်မှုကို ကမ္ဘာတစ်ဝန်းမှလည်း အသိအမှတ်ပြုကြပါသည်။ တက္ကသိုလ်၊ ကောလိပ်များ၏ သင်ကြားရေး၊ သုတေသန (အရေအတွက်၊ ဝင်ငွေနှင့်ထင်ပေါ်ကြော်ကြားမှု)၊ ပညာရပ်ဆိုင်ရာ ကိုးကားခံရမှု အရေအတွက်၊ နိုင်ငံတကာသုတေသနများနှင့် စက်မှု ကဏ္ဍများသို့ အသိပညာဗဟုသုတ လွှဲပြောင်းပေးနိုင်မှုတို့ အပေါ်အခြေခံ၍ Time Higher Education (THE) မှဖော်ပြခဲ့သည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့နာမည်ကျော် တက္ကသိုလ် (၁၀၀) စာရင်းတွင် ဥရောပနိုင်ငံများရှိ တက္ကသိုလ် (၃၃) ခု ပါဝင်ခဲ့ပါသည်။ ယင်းတို့ထဲတွင် ဗြိတိန်တက္ကသိုလ်များသည် ဥရောပတက္ကသိုလ်များအတွက် အကောင်းဆုံးကိုယ်စားပြု တက္ကသိုလ်များအဖြစ် ရပ်တည်နေပြီး ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်စာရင်းဝင်နိုင်ငံ (၂) နိုင်ငံ၌ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပါဝင်ကြပါသည်။

### ဗြိတိန်တက္ကသိုလ်ကျောင်းသားဟောင်းများ

ထို့အတူ ၂၀၁၈ခုနှစ်၌ထုတ်ဝေသည့် Time Higher Education (THE)၏စာရင်း အရ ကမ္ဘာ့ခေါင်းဆောင် ၃၇၇ ဦးအနက် ၅၈ ဦးမှာ ဗြိတိန်နိုင်ငံတွင် ပညာသင်ကြားခဲ့ကြပြီး ၎င်းစာရင်းအရ ဗြိတိန်တက္ကသိုလ်များနှင့် ကောလိပ်များသည် ကမ္ဘာ့ခေါင်းဆောင်အများဆုံးကို မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်များဖြစ်ကြပါသည်။ အဆိုပါတက္ကသိုလ်နှင့် ကောလိပ်များ၌ University of Oxford ၊ SOAS University of London တို့မှ ဘွဲ့ရရှိခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ University of Hull မှ MBA ဘွဲ့ရရှိခဲ့သည့် ဆားဗီးယားနိုင်ငံဝန်ကြီးချုပ် Ana Brnabic ၊ ကိုလံဘီယာနိုင်ငံနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့၏ သမ္မတများ၊ မလေးရှားနိုင်ငံနှင့် မယ်လ်တာနိုင်ငံတို့၏ ဝန်ကြီးချုပ်များနှင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ဘုရင်များ၊ ကာရေဘီယန်ပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြားရှိ ကျွန်းနိုင်ငံများဖြစ်သည့် အန်တီဂွါနှင့် ဘာဘူတာနိုင်ငံမှသည် ဩစတြေးလျနိုင်ငံ၊ ဘာရိန်းနိုင်ငံမှသည် တူဘာလူနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ယီမင်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၉ နိုင်ငံမှဘုရင်များ၊ သမ္မတများနှင့် ဝန်ကြီးချုပ်များသည် ဗြိတိန် တက္ကသိုလ်များ၏ ကျောင်းသားဟောင်းများ ဖြစ်ကြပါသည်။

ဗြိတိန်နိုင်ငံ၌ အဆင့်မြင့်ပညာ သင်ကြားပို့ချနေသည့် အဖွဲ့အစည်း/ ကျောင်းများအားလုံးမှာ တက္ကသိုလ်ဟု အမည်နာမ ခေါ်ဆိုခွင့် မရှိပါ။ ထိုသို့ ခေါ်ဆိုခွင့် ရရှိရန်အတွက် ၂၀၀၆ ခုနှစ် ကုမ္ပဏီများ အက်ဥပဒေအရ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။ ယင်းဥပဒေအရ ဘွဲ့အဆင့် အပ်နှင်းနိုင်သည့် သင်တန်းများ၌ အချိန်ပြည့် တက်ရောက်နေသည့်ကျောင်းသား အနည်းဆုံး ဦးရေ ၄၀၀၀ ပညာသင်ကြားနေသည့် အဖွဲ့အစည်း/ ကျောင်း ဖြစ်ရန် လိုအပ်ပြီး ယင်းကျောင်းသားဦးရေအနက် အနည်းဆုံး ၃၀၀၀ မှာ ဘွဲ့ကြိုတန်းသို့ တက်ရောက်နေခြင်းရှိမှသာ ထိုအဖွဲ့အစည်း/ ကျောင်းအား တက္ကသိုလ်ဟု ခေါ်ဆိုခွင့်ရှိ၍ ဘွဲ့အဆင့် အပ်နှင်းနိုင်သည့် သင်တန်းများ သင်ကြားပေးခြင်းရှိနေသော်လည်း ကျောင်းသားအရေအတွက် သတ်မှတ်ချက်နှင့် မပြည့်မီသည့် အဖွဲ့အစည်း/ ကျောင်းများအား ကောလိပ်ဟုသာ ခေါ်ဆိုခွင့် ရှိပါသည်။

### အဖွဲ့ဝင်တက္ကသိုလ် ၂၄-ခု ပါဝင်

နိုင်ငံအတွင်း၌ အဆင့်မြင့်ပညာ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂၅ ခုရှိပြီး ယင်းတက္ကသိုလ်များအနက် ဂုဏ်သိက္ခာကြီးမားသည့် အကျော်အမော်တက္ကသိုလ်များ စုပေါင်း၍ ဖွဲ့စည်းထားသည့် Russell Group ၌ အဖွဲ့ဝင်တက္ကသိုလ် ၂၄ ခုပါဝင်သည်။ ၎င်းတို့မှာ University of Birmingham ၊ University of Bristol ၊ University of Cambridge ၊ Cardiff University ၊ Durham University ၊ University of Edinburgh ၊ University of Exeter ၊ University of Glasgow ၊ Imperial College London ၊ King's College London ၊ University of Leeds ၊ University of Liverpool ၊ London School of Economics and Political Sciences ၊ University of Manchester ၊ Newcastle University၊ University of Nottingham၊ University of Oxford၊ Queen Mary University of London၊ Queen's University Belfast၊ University of Sheffield၊ University of Southampton ၊ University College London ၊ University of Warwick နှင့် University of York တို့ဖြစ်ကြပါသည်။

ယင်းတက္ကသိုလ်များအနက် ကမ္ဘာပေါ်ရှိ ထိပ်တန်းပညာရှင်များနှင့် ထူးချွန်ကျောင်းသားများ ဗြိတိန်နိုင်ငံတွင် ပညာလာရောက်ဆည်းပူးရန် ဆွဲဆောင်မှုအရှိဆုံး၊ ဂုဏ်သိက္ခာအကြီးမားဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး တက္ကသိုလ်များထဲတွင် University of Oxford မှာ တစ်ခုအပါအဝင် ဖြစ်ပါသည်။ ယင်းတက္ကသိုလ်အတွင်း၌ ကောလိပ်နှင့်ကျောင်းဆောင်ပေါင်း ၄၄ ခုရှိပြီး ကျောင်းသို့ တက်ရောက်ရန် အဆင့်သတ်မှတ်ချက်မှာ အလွန်မြင့်မား၍ တက်ရောက်ခွင့် ရရှိရေးအတွက် အလွန် ယှဉ်ပြိုင်ရပြီး ကျောင်းနေရာ တစ်ခုအတွက် လျှောက်လွှာရှင် ကျောင်းသား ငါးဦးနီးပါး လက်ခံလေ့ ရှိပါသည်။ ဘွဲ့ကြိုတန်းအဆင့်၌ ဗြိတိန်နိုင်ငံရှိ အခြားသော တက္ကသိုလ်များကဲ့သို့ပင် ဘာသာရပ် နှစ်ခု တွဲယူရသည့် ပေါင်းစပ်ဘွဲ့များ ပေးအပ်ပြီး ဒဿနိကဗေဒ၊ နိုင်ငံရေးဘာသာရပ်နှင့် စီးပွားရေး ပညာရပ်တို့ ပူးတွဲယူရသည့် ပေါင်းစပ်ဘွဲ့မှာ University of Oxford မှ ပို့ချလျက်ရှိသည့် သင်တန်းများထဲမှ ပြိုင်ဘက်ကင်းသည့် သင်တန်းဖြစ်ပါသည်။

### ၉၅ ရာခိုင်နှုန်း အလုပ်အကိုင်ရရှိ

ဘွဲ့ကြိုနှင့်ဘွဲ့လွန် ကျောင်းသားများမှာ ကျောင်းပိုင်အဆောက်အဦ သို့မဟုတ် ကျောင်း ပိုင်အခန်းများတွင် နေထိုင်ရပြီး ဘွဲ့ကြိုကျောင်းသားများအနေဖြင့် ၎င်းတို့၏ နည်းပြများဖြင့်သာ သီးသန့်သင်ယူရပါသည်။ ဘွဲ့လွန်ကျောင်းသားများမှာ သက်ဆိုင်ရာဌာနများမှ ဆရာများ၏ အုပ်ချုပ်မှုအောက်၌ တက္ကသိုလ်ဆရာများအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ ကျောင်းအတွင်း၌ စာကြည့်တိုက်ပေါင်း ၁၀၀ ရှိပြီး အထင်ရှားဆုံးမှာ ၁၆၀၂ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် Bodleian စာကြည့်တိုက်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ကမ္ဘာ့ခေါင်းဆောင် ၃၀၊ ဗြိတိန်ဝန်ကြီး ၂၆ ဦးနှင့် နိုဘယ်ဆုရှင် ၁၂၀ ဦးတို့မှာ ယင်းတက္ကသိုလ်၌ ပညာသင်ယူခဲ့ကြပါသည်။ ယင်းတက္ကသိုလ်မှ ဘွဲ့ရရှိပြီး ခြောက်လအတွင်း ဘွဲ့ရကျောင်းသား ၉၅ ရာခိုင်နှုန်းမှာ အလုပ်အကိုင်များ ရရှိကြသကဲ့သို့ ဘွဲ့လွန်ပညာ ဆက်လက်လေ့လာဆည်းပူးခြင်းများ ရှိကြပါသည်။

**University of Oxford အတွင်းရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပညာဆည်းပူးခဲ့ရာ St Hugh's College ရှေ့ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့များ**

University of Oxford ကဲ့သို့ပင် ဂုဏ်သိက္ခာ အကြီးမားဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး တက္ကသိုလ်များစာရင်း၌ University of Cambridge သည်လည်း အပါဝင်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား ၁၈၀၀၀ ကျော်နှင့် ဝန်ထမ်း ဦးရေ ၉၀၀၀ တို့ရှိပြီး တက္ကသိုလ်အတွင်းရှိ ကောလိပ်ပေါင်း ၃၁ ခုတွင် ပညာရပ်သင်ဌာန ပေါင်း ၁၀၀ ရှိပါသည်။ ယင်းတို့အနက် ကောလိပ်အချို့မှာ ၁၃ ရာစု၌ တည်ထောင်ခဲ့ကြပြီး University of Cambridge မှာ ၎င်း၏ ထူးချွန်ပြောင်မြောက်သည့် သင်္ချာဘာသာရပ်နှင့် သိပ္ပံပညာရပ်များကြောင့် လူသိများပါသည်။ အဆိုပါတက္ကသိုလ်ရှိ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ နိုဘယ်ဆု ၉၂ ခုအား ချီးမြှင့်ခြင်းခံရသကဲ့သို့ သင်္ချာပညာရှင်များ အဖွဲ့မှလည်း ပညာရပ်ဆိုင်ရာ ဆုများစွာလည်း ရရှိကြပါသည်။

ယင်းတက္ကသိုလ်သို့ တက်ရောက်ရန် လျှောက်ထားသည့် ကျောင်းသားများထဲမှ ၂၅ ရာခိုင်နှုန်းကိုသာ ရွေးချယ်လေ့ရှိပြီး တက်ရောက်ရန် ငြင်းပယ်ခြင်းခံရသည့် ကျောင်းသားထက်ဝက်ကျော်အားလည်း ၎င်းတို့ဆက်လက် တက်ရောက်မည့်ကျောင်းများမှ ကျင်းပသည့် စာမေးပွဲများ၌ ဘာသာရပ်အားလုံးတွင် A အဆင့် ရရှိအောင် ကြိုးစားသွားရန် တိုက်တွန်းခြင်းများ ပြုလုပ်ပါသည်။ သင်ခန်းစာ ပို့ချချက်နှင့်အတူ လက်တွေ့ဆောင်ရွက်ချက်များအား ဆရာများ၏ ကြီးကြပ်မှုအောက်၌ ဘွဲ့ကြိုကျောင်းသားများမှ လေ့လာသင်ယူရပါသည်။ ကျောင်းသင်ခန်းစာတာဝန်များမှာ အလွန်များပြားသော်လည်း သင်တန်းကာလမှာ ဗြိတိန်နိုင်ငံရှိ အခြားသော တက္ကသိုလ်များထက် လျော့နည်းပါသည်။ တက္ကသိုလ်ရှိစာကြည့်တိုက်များ၌ အလယ်ခေတ် လက်ရေးမူ အများအပြားအား စုဆောင်းသိမ်းဆည်းထားသကဲ့သို့ ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာ ရှေးခေတ်လူ့အသုံးအဆောင် ပစ္စည်းများနှင့် သတ္တဗေဒပညာရပ်ဆိုင်ရာ လေ့လာစစ်ဆေးနိုင်ရန် နမူနာများအားလည်း ပြသထားပါသည်။ Cambridge တက္ကသိုလ်မှ ထင်ရှားကျော်ကြားသည့် ဘွဲ့ရကျောင်းသားများတွင် အနုပညာရှင်များ၊ နိုင်ငံရေးသမားများ၊ မင်းမျိုးမင်းနွယ်များ၊ အားကစားသမားများနှင့် ယဉ်ကျေးမှု အနုပညာဆိုင်ရာ ပညာရှင်များလည်း ပါဝင်ပါသည်။ ဗြိတိန်လွှတ်တော်၌ လက်ရှိတာဝန် ထမ်းဆောင်နေကြသည့် လွှတ်တော်အမတ်များ၏ ၈၆ ရာခိုင်နှုန်းမှာ တက္ကသိုလ်ဘွဲ့ရများဖြစ်ပြီး ၂၃ ရာခိုင်နှုန်းမှာ Oxford နှင့် Cambridge တက္ကသိုလ်များမှ ဘွဲ့ရများဖြစ်ပါသည်။

### ၁၂၅ နိုင်ငံမှ လာရောက်ပညာသင်

Imperial College London သည် သိပ္ပံပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာ၊ ဆေးပညာနှင့် စီးပွားရေးပညာရပ်များတွင် ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များအဆင့်၌ အမြဲရှိနေသည့် ကျောင်းတစ်ခုဖြစ်ပါသည်။ ယင်းတက္ကသိုလ်သည် လန်ဒန်မြို့ရှိ ကောလိပ် သုံးခုအား ပေါင်းစု၍ ၁၉၀၇ ခုနှစ်၌ ထူထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းသားဦးရေ ၁၅၂၀၀ နှင့် ဝန်ထမ်းပေါင်း ၈၀၀၀ ရှိပါသည်။ ယင်းတက္ကသိုလ်၌ လာရောက် ပညာသင်ယူနေသည့် နိုင်ငံတကာမှ ကျောင်းသားပေါင်းများစွာရှိ၍ ၎င်းတို့မှာ နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှလာရောက် ပညာသင်ယူခြင်း ဖြစ်ပါသည်။

ထိပ်တန်းသိပ္ပံပညာရှင်များ၊ ပညာရပ်နယ်ပယ်ဆိုင်ရာ ဆုတံဆိပ်ရရှိသူများ၊ နိုဘယ်ဆုရှင်များအပါအဝင် Imperial College London မှ ဩဇာတိက္ကမရှိသည့် အစိုးရ အကြံပေး ပုဂ္ဂိုလ်များနှင့် မူဝါဒများဆိုင်ရာ ချမှတ်သူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်တစ်ခု ဖြစ်ပြီး H.G. Wells ၊ Sir Liam Donaldson နှင့် ဘုရင်မကြီး၏ သမားတော်ချုပ်တို့မှာ အဆိုပါ တက္ကသိုလ်၏ ကျောင်းသားဟောင်းများဖြစ်ကြပါသည်။

University College London သည် ဗြိတိသျှ ဒဿနပညာရှင်၊ ဥပဒေပညာရှင်နှင့် လူမှုဘဝ ပြုပြင်ပြောင်းလဲရေးသမား Jeremy Bentham ၏ ပညာရေးဆိုင်ရာ ဒဿနအား ထောက်ခံ၍ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း မခွဲခြားဘဲ တက်ရောက်ခွင့်ပြုခဲ့သည့် ကျောင်းနှင့် အင်္ဂလန်၌ အမျိုးသမီးများအား အမျိုးသားများနှင့်တန်းတူ အခွင့်အရေးပေး၍ ပထမဆုံးတက်ရောက်သင်ကြားခွင့် ပြုခဲ့သည့်တက္ကသိုလ်ဖြစ်ပါသည်။ လက်ရွေးစင်ကျောင်းသားများ တက်ရောက် ပညာသင်ကြားလိုသည့် ဗြိတိသျှတက္ကသိုလ်များထဲ၌ University College London သည်လည်း အပါအဝင်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်မှာ ကမ္ဘာ့နာမည်ကျော် တက္ကသိုလ်များအဆင့်ဇယားတွင် အဆင့်မြင့်နေရာ၌ရှိပြီး အလုပ်ခန့်ရန် အရည်အသွေး ပြည့်ဝသည့် ဘွဲ့ရပေါင်းများစွာအား မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ဟုလည်း သတ်မှတ်ခြင်းခံရပါသည်။ ယင်း တက္ကသိုလ်၌ ဘွဲ့ကြိုတန်းသို့ တက်ရောက်လိုသည့် ကျောင်းသားများအနေဖြင့် A level အဆင့်စာမေးပွဲ၌ ဘာသာရပ်တိုင်းတွင် A အဆင့် သို့မဟုတ် ကောလိပ်ကျောင်းအဆင့် စာမေးပွဲတွင် သင်ယူရသည့် ဘာသာရပ်များ၌ အဆင့် (၆၊ ၆၊ ၆) ရရှိရန် လိုအပ်ပါသည်။

### ထင်ပေါ်ကျော်ကြားကျောင်းသားဟောင်းများ

University College London မှ ပေးအပ်သည့် သိပ္ပံဘွဲ့များမှ ဒဿနိကဗေဒဘွဲ့၊ နိုင်ငံရေးဘွဲ့နှင့် စီးပွားရေးဘွဲ့များ ရရှိရေးအတွက် တက်ရောက်ရန် လျှောက်ထားရာတွင် ကျောင်းနေရာ တစ်ခုချင်းစီအတွက် လျှောက်လွှာရှင် ကျောင်းသား ၃၀ အား လက်ခံလေ့ရှိသဖြင့် အလွန်ပင် ယှဉ်ပြိုင်ရပါသည်။ တက္ကသိုလ်သို့ တက်ရောက်နေသည့် ကျောင်းသားထက်ဝက်ကျော်မှာ ဗြိတိန်နိုင်ငံပြင်ပမှ လာရောက်သူများဖြစ်ပြီး ဥရောပတိုက်မှ ကျောင်းသားများထက် အာရှနိုင်ငံများမှ လာရောက်ကြသည့် ကျောင်းသားဦးရေမှာ ပိုများပါသည်။ University College London ၏ ကျောင်းသားဟောင်းများထဲမှ ထင်ပေါ်ကျော်ကြားသည့် ကျောင်းသားဟောင်းများမှာ Mahatma Gandhi၊ တယ်လီဖုန်းတီထွင်သူ Alexander Graham Bell နှင့် Cold play အဆိုတော် Chris Martin တို့ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များ၌ နိုင်ငံခြားသား ၇၀ ရာခိုင်နှုန်းဖြင့် နိုင်ငံတကာမှ ကျောင်းသား အများဆုံးရှိသော တက္ကသိုလ်မှာ London School of Economics and Political Science (LSE) ဖြစ်ပါသည်။ ဥပဒေပညာ၊ စီးပွားရေးပညာ၊ သမိုင်းဘာသာ၊ ဒဿနိကဗေဒနှင့် နိုင်ငံရေး ပညာဘာသာရပ်တို့မှာ အဆိုပါတက္ကသိုလ်၏ အရှိန်အဝါကောင်းသည့် ဘာသာရပ်များဖြစ်ပါသည်။ စီးပွားရေးပညာရပ်ဆိုင်ရာ နိုဘယ်ဆုရှင်များ၏ ၂၆ ရာခိုင်နှုန်းသည် LSE ကျောင်းသားဟောင်းများနှင့် ၎င်းတက္ကသိုလ်နှင့် ပေါင်းစည်းအဖွဲ့များမှ ဖြစ်ပါသည်။ အခြားထိပ်တန်း တက္ကသိုလ်များကဲ့သို့ပင် ယင်းတက္ကသိုလ်သို့ တက်ရောက်နိုင်ရေးအတွက် လျှောက်လွှာရှင် ကျောင်းသားများအနေနှင့် A အဆင့်သို့မဟုတ် အဆင့်မြင့်ရလဒ် ရရှိရန် လိုအပ်ပါသည်။ ။

**စာမျက်နှာ ၂၂ သို့**

**"ယင်းတက္ကသိုလ်သို့ တက်ရောက်ရန် လျှောက်ထားသည့် ကျောင်းသားများထဲမှ ၂၅ ရာခိုင်နှုန်းကိုသာ ရွေးချယ်လေ့ရှိပြီး တက်ရောက်ရန် ငြင်းပယ်ခြင်းခံရသည့် ကျောင်းသားထက်ဝက်ကျော်အားလည်း ၎င်းတို့ဆက်လက် တက်ရောက်မည့်ကျောင်းများမှ ကျင်းပသည့် စာမေးပွဲများ၌ ဘာသာရပ်အားလုံးတွင် A အဆင့် ရရှိအောင် ကြိုးစားသွားရန် တိုက်တွန်းခြင်းများ ပြုလုပ်ပါသည်။ သင်ခန်းစာ ပို့ချချက်နှင့်အတူ လက်တွေ့ဆောင်ရွက်ချက်များအား ဆရာများ၏ ကြီးကြပ်မှုအောက်၌ ဘွဲ့ကြိုကျောင်းသားများမှ လေ့လာသင်ယူရပါသည်။"**

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**ဒီကနေ့ ပို့ချမှာကတော့ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားတွေအတွက် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ မြန်မာစာကိုစိတ်ဝင်စားတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် အထူးသင့်တော်တဲ့ ဘာသာရပ်ဖြစ်ပြီး မြန်မာစာကို အသုံးချစာပေအနေနဲ့ လေ့လာနိုင်ဖို့အတွက် လမ်းခင်းပေးတဲ့ ဘာသာရပ် ဖြစ်ပါတယ်။**

စိတ်ကြိုက်မြန်မာစာသင်ယူတဲ့ ကျောင်းသူ ကျောင်းသားတွေဟာ မြန်မာစာကို ခြေခြေမြစ်မြစ် သိရှိလာမှာ ဖြစ်ပါတယ်။ မြန်မာစာ အရေးအသား ပိုမိုကျွမ်းကျင်လာပြီး မြန်မာဝေါဟာရ အသုံးအနှုန်းတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်မှာဖြစ်ပါတယ်။ ဒါတင်မက မြန်မာစာပေရဲ့စကားပြေတွေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ ကဗျာဖွဲ့စပ်နည်းတွေကို ကျွမ်းကျင်လာပြီး ကိုယ်တိုင်ရေးစပ်ရာမှာဖြစ်ဖြစ်၊ အခြားသူရေးထားတဲ့ ကဗျာတွေကို လေ့လာဆန်းစစ်ရာမှာ ဖြစ်ဖြစ် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ဒို့အပြင် မြန်မာစာပေသမိုင်းစဉ်ကို သိရှိပြီး အစဉ်အလာ ကြီးမားတဲ့ မြန်မာစာပေ ယဉ်ကျေးမှုအမွေအနှစ်တွေကို မြတ်နိုးတန်ဖိုးထားတဲ့ စိတ်တွေနိုးကြားတိုးပွားလာမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို မဆွေးနွေးမီ စိတ်ကြိုက်မြန်မာစာ ပြဋ္ဌာန်းစာတွေကို ဦးစွာဖော်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာမှာ စာအုပ်(၄) အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ မြန်မာဝတ္ထုတိုနှင့် မြန်မာ ပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းတို့ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို ဘယ်လိုလေ့လာသင့်တယ်၊ စာမေးပွဲမှာ ဘယ်လိုမေးတယ်ဆိုတာကို ပြဋ္ဌာန်းစာအုပ်တစ်အုပ်ချင်း၊ မေးခွန်းတစ်ပုဒ်ချင်း အလိုက် ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာရဲ့ ပြဋ္ဌာန်းစာအုပ်(၄)အုပ်ကို စာမေးပွဲ မေးခွန်းလွှာ အနေနဲ့ မေးခွန်းကြီး(၄)ပုဒ် မေးပါတယ်။ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ် တစ်ပုဒ်၊ သံဝရပျို့တစ်ပုဒ်၊ မြန်မာကဗျာဖွဲ့နည်းတစ်ပုဒ်၊ မြန်မာစာပေသမိုင်း တစ်ပုဒ်တို့ ဖြစ်ပါတယ်။ (၃)နာရီ မေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းမှာ ပုဒ်ခွဲများ ပါဝင်ပါတယ်။ မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ် ပြဋ္ဌာန်းစာအုပ်မှာ မြန်မာဝတ္ထုတိုအနေနဲ့ ကိုလိုနီခေတ်က မျက်မှောက်ခေတ်အထိ စာရေးဆရာ (၁၁)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ မြန်မာပြဇာတ်အပိုင်းမှာ ပြဇာတ်(၃)ပုဒ်ကို လေ့လာရမှာဖြစ်တယ်။

ဝတ္ထုတိုကို လေ့လာတဲ့အခါ ဝတ္ထုတိုရဲ့ သဘောသဘာဝကို ကောင်းစွာ သိထားသင့်ပါတယ်။ ဝတ္ထုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေတစ်မျိုး ဖြစ်ပါတယ်။ ဝတ္ထုမှာ ဝတ္ထုရှည်နဲ့ ဝတ္ထုတိုနှစ်မျိုး ရှိပါတယ်။ ဝတ္ထုရှည်ကတော့ ဇာတ်အိမ်ကြီးကြီးမားမားနဲ့ ရှည်ရှည်လျားလျားရေးဖွဲ့တဲ့ ဝတ္ထုမျိုးဖြစ်ပြီး ဝတ္ထုတိုကတော့ စာဖတ်သူ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတို ရေးဖွဲ့ထားတဲ့စာပေမျိုး ဖြစ်ပါတယ်။

ဝတ္ထုရေးဆရာဟာ သူ့ဝတ္ထုမှာ စာဖတ်သူကို အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက် တစ်နည်းအားဖြင့် သူ့ရဲ့အာဘော်တစ်ခုခုကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဆိုတဲ့ အခြေခံအင်္ဂါရပ်တွေ ပါရှိပါတယ်။ ဝတ္ထုတိုတွေကို လေ့လာရာမှာ ဒီအခြေခံ အင်္ဂါရပ်တွေပေါ် မူတည်ပြီး ဝတ္ထုရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ ကာလဒေသနောက်ခံ ဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်တွေနဲ့ လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထု **အာဘော်** ဆိုတာကတော့ ဝတ္ထုတိုရေးသူရဲ့ဆိုလိုချက် ဖြစ်ပါတယ်။ ဝတ္ထုတိုရေးဆရာရဲ့ ရည်ရွယ်ချက်လို့လည်း ဆိုနိုင်ပါတယ်။ ဝတ္ထုတိုရေးသူဟာ ဝတ္ထုတိုမှာ မိမိရဲ့ဆိုလိုချက်(အာဘော်)ကို ပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ် ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေး ဆရာဟာ ဘာကိုဆိုလိုတယ်၊ သူ့ဝတ္ထုဟာ ဘာကိုပြောချင်တယ်၊ ဒီဝတ္ထုတိုရဲ့ရည်ရွယ်ချက်ဟာ ဘာဖြစ်တယ်ဆိုတဲ့ ဆိုလိုချက်(အာဘော်)ကို နားလည် သွားမှဲဖြစ်ပါတယ်။

**ဇာတ်လမ်းဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ရပ်တွေကို သူ့ဘက် ကိုယ့်ဘက် အားပြိုင်မှုတွေကို ဖန်တီးတာ၊ ဖြစ်ရပ်တွေကို ကြောင်းကျိုး ဆက်စပ်ပြတာ၊ ရှေ့ပိုင်းမှာ မြှုပ်ထားတဲ့ မြှုပ်ကွက်တွေကို နောက်ပိုင်းမှာ ပြန်ဖော်လိုက်တာ၊ နောက်ပိုင်းမှာ ဖြစ်လာမယ့် ဖြစ်ရပ်တွေကို ရှေ့ပိုင်းမှာ ကြိုတင် အရိပ်နိမိတ်ခင်းပြတာစတဲ့ အတတ်ပညာတွေနဲ့ ဇာတ်လမ်းတစ်ပုဒ် နှစ်သက် စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးတာကို ဆိုလိုတာ ဖြစ်ပါတယ်။

**ဇာတ်ဆောင်ဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းမှာ ပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုခြင်းဖြစ်တယ်။ ဇာတ်ဆောင် ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ စိတ်နေစိတ်ထားနဲ့ စရိုက်သဘာဝ ပေါ်လွင်လာအောင် ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင် အချင်းချင်းပြောဆိုပြုမူပုံတွေနဲ့ ပုံဖော်ဖန်တီးလေ့ရှိပါတယ်။ ဇာတ်ဆောင်တွေ ရဲ့ ကံသုံးပါးအမူအရာလို့ ဆိုအပ်တဲ့ ကိုယ်နှုတ်နှလုံးသုံးပါး အမူအရာကို ပေါ်လွင်အောင်ရေးဖွဲ့တာဟာ ဇာတ်ဆောင်ဖန်တီးပုံပါပဲ။

**နောက်ခံဖန်တီးပုံ** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံ အချိန်ကာလနဲ့ နေရာဒေသတွေကို ဖန်တီးရေးဖွဲ့ခြင်းဖြစ်တယ်။ ဝတ္ထုတို ရေးသူဟာ ဒီနောက်ခံ အကြောင်းအချက်တွေကို ဝတ္ထုတိုရေးတဲ့ ခေတ်အခြေ အနေ၊ စာရေးဆရာ ကျင်လည်တဲ့လူမှုဝန်းကျင်အခြေအနေတွေနဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ ရှိပါတယ်။

**ဝတ္ထုတိုရဲ့အရေးအဖွဲ့ပိုင်း**ကို လေ့လာရာမှာတော့ စာရေးသူရဲ့ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထုတိုကပေးတဲ့ **ရသနဲ့ အသိအမြင်** ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးခံစားရပြီး ဘယ်လို သင်ခန်းစာ၊ ဘယ်လိုဘဝ အသိအမြင်မျိုး ရတယ်ဆိုတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဝတ္ထုတိုမှာ ဒီအချက်ဟာအရေးပါတဲ့အလျောက် ဝတ္ထုတို လေ့လာသူ တစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထားရမှာ ဖြစ်တယ်။

ဝတ္ထုတို လေ့လာမှုအနေနဲ့ မင်းရှင်ရဲ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ ရောင်းခါစဝတ္ထုတိုကို သာဓကအဖြစ် လေ့လာပြပါမယ်။

ဒီဝတ္ထုတိုဟာ လူ့သဘောလူ့သဘာဝကို ဖော်ကျူးလိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးခဲ့တဲ့ ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါတယ်။ လူတွေဟာ အခြေအနေပြောင်းလဲမှုကို လိုက်ပြီး စိတ်ပြောင်းလဲတတ်တာနဲ့အမျှ အပြုအမူဟာလည်း ရုတ်တရက် ပြောင်းသွားတတ်တယ်ဆိုတာကို သတိပြုမိစေလိုတဲ့ စာရေးသူရဲ့**အာဘော်**ကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီအာဘော်ကို ပေါ်လွင်စေဖို့ စာရေးသူရဲ့ အိမ်ရှေ့လမ်းမန်ဘေးမှာ အသစ် ရောက်လာတဲ့ မုန့်ဟင်းခါးသည်ကလေးရဲ့ မုန့်ဟင်းခါးရောင်းစဉ်မှာ ပြောင်းလဲ နေတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေနဲ့ **ဇာတ်လမ်း** ဖန်တီး ထားပါတယ်။ မုန့်ဟင်းခါးသည်ကလေးရဲ့ နံနက်ခင်းမြင်ကွင်းကလေးတွေကို ဖြစ်ရပ်စဉ်ချိတ်ဆက်ပြီး ရေးဖွဲ့ထားတယ်။

ဒီဝတ္ထုတိုမှာ အဓိက **ဇာတ်ဆောင်** ကတော့ မုန့်ဟင်းခါးရောင်းတဲ့ လူငယ် ကလေးပဲဖြစ်ပါတယ်။ ဒီလူငယ်ကလေးရဲ့ ပြောစကားအရ ကြည့်မြင်တိုင်ဘက် ကလို့ သိရပါတယ်။ အပြောအဆိုမွန်ရည်ပြီး ဈေးရောင်းကျွမ်းကျင်ပါတယ်။ လူငယ်ဘာဝ မုန့်ဟင်းခါးလာစားတဲ့ မိန်းမပျိုကလေးကို မျက်စိကျရာက စေတနာပိုပြီး မုန့်ကို ပိုထည့်ပေးတတ်ပါတယ်။ ဒါကို စာရေးသူအပါအဝင် တခြားမုန့်လာစားတဲ့သူတွေက သတိထားမိပါတယ်။ တစ်နေ့မှာတော့ မိန်းမပျို ကလေးဟာ တခြားအမျိုးသားတစ်ယောက်နဲ့ မုန့်လာစားတဲ့အခါမှာတော့ ယခင်နေ့များထက် မုန့်ဖတ်သိသိသာသာ လျော့နည်းသွားပုံ၊ နောက်ရက်တွေ မှာ မိန်းမပျိုကလေးတစ်ယောက်တည်း လာစားတဲ့အခါမှာလည်း ပုံမှန်ပဲ ထည့်ပေးပုံ၊ မိန်းမပျိုကလေးက တစ်နေ့ကပါလာတဲ့ အမျိုးသားဟာ သူ့ရဲ့အစ်ကို ဖြစ်ကြောင်း ပြောပြတဲ့အခါမှာတော့ မုန့်ထည့်တာ ပြန်များသွားပုံတွေနဲ့ ဇာတ်ဆောင်ရဲ့ စရိုက်အမူအရာကို ပေါ်လွင်စွာ ရေးဖွဲ့ထားပါတယ်။

**ကာလဒေသနောက်ခံ** အနေနဲ့ကတော့ နံနက်ခင်း(၆)နာရီခွဲက (၉)နာရီ အတွင်း ဖြစ်ရပ်ကလေးတွေကို နေ့အပြောင်းအလဲများ ဖန်တီးပြီး ဖြစ်ရပ်ရဲ့ ကာလနောက်ခံအဖြစ် စီစဉ်ထားတယ်။ မုန့်ဟင်းခါးရောင်းတဲ့ဖြစ်ရပ်နဲ့ မုန့်ဟင်းခါးရောင်းတဲ့ နံနက်ခင်းအချိန်ကို အချိတ်အဆက်မိမိ စီစဉ်ထားတယ်။

ရန်ကုန်မြို့ စာရေးသူရဲ့ အိမ်ရှေ့လမ်းမဘေးကို ဒေသနောက်ခံအနေနဲ့ ရေးဖွဲ့ထားတယ်။ စာရေးဆရာရဲ့ စာရေးစားပွဲကနေ လှမ်းမြင်နိုင်တဲ့နေရာလို့ ဆိုထားတဲ့အတွက် စာရေးစရာဒေသနောက်ခံဟာ စာရေးသူရဲ့စာရေးစားပွဲ ရှေ့ကိုရောက်လာတဲ့ အခြေအနေမျိုးဖြစ်တယ်။

ဒီဝတ္ထုတိုရဲ့ **အရေးအဖွဲ့** ပိုင်းကိုလေ့လာရာမှာတော့ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ် သွက်လက်တဲ့ ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာ ဖြစ်ပါတယ်။ ရေးဟန်အနေနဲ့ကတော့ စာဖတ်သူကို စာရေးသူရှုထောင့်က ဝင်ကြည့်ခိုင်းတဲ့ ရေးဟန်မျိုးဖြစ်တယ်။

**ရသနဲ့ အသိအမြင်**ပိုင်းမှာတော့ လူငယ်သဘာဝကို နှစ်သက်ကြည်နူးစိတ် ဖြစ်ပေါ်လာစေတဲ့ ရသကို ပေးစွမ်းနိုင်တယ်။ လူငယ်သဘာဝကို သာမက ရောင်းခါစ မုန့်ဟင်းခါးသည်ကလေးအပေါ် စူးစမ်းလိုစိတ်၊ အားပေးလိုစိတ်စတဲ့ လူ့သဘော လူ့သဘာဝကိုလည်း ထင်ဟပ်ဖော်ကျူးထားတဲ့အတွက် လူ့စိတ် လူ့သဘောဆိုတာ ဒီလိုပါလားဆိုတဲ့ အသိအမြင်ကိုရရှိစေတယ်။ စိတ်ခံစားမှုကို လိုက်ပြီး အပြုအမူပြောင်းလဲတတ်တဲ့ လူ့သဘောကို သိမြင်လာစေပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းမှာ မြန်မာဝတ္ထုတိုကို မေးခွန်းနံပါတ် ၁ (က) အနေနဲ့ မေးပါတယ်။ မေးခွန်းအနေနဲ့ အထက်မှာတင်ပြခဲ့တဲ့ လေ့လာမှုအတိုင်း မေးတာဖြစ်လို့ အထက်မှာတင်ပြခဲ့တဲ့ လေ့လာမှုအတိုင်း လေ့လာထားမယ်ဆိုရင် အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ၁(က)မှာဝတ္ထုတို နှစ်ပုဒ်မေးထားတာ ဖြစ်လို့ ရွေးချယ်စရာပါဝင်မှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ - သော့တွဲနှင့်နတ်ရုပ်ဝတ္ထုတိုမှ ကိုချိမ့်၏ စရိုက်ကို ဖော်ပြပါ။ (သို့မဟုတ်) ငှက်ပျောသီးဝတ္ထုတို၏ ရည်ရွယ်ချက်ကိုဖော်ပြ၍ ရည်ရွယ်ချက် ကို ပေါ်လွင်အောင် မည်သို့ဇာတ်လမ်းဖွဲ့ထားသည်ကို တင်ပြပါ။ ဆိုတဲ့ မေးခွန်း မျိုးဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀)မှတ် ဖြစ်ပါတယ်။

မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ် ပြဋ္ဌာန်းစာအုပ်ရဲ့ ပြဇာတ်အပိုင်းကိုတော့ မေးခွန်း ၁(ခ) အဖြစ် မေးပါတယ်။ ပြဇာတ်(၃)ပုဒ်သာ ပြဋ္ဌာန်းထားတဲ့အတွက် ဒီပြဇာတ်(၃)ပုဒ်ကိုပဲ ရှုထောင့်အမျိုးမျိုးနဲ့ မေးမှာဖြစ်ပါတယ်။ ပြဇာတ်ဆိုတာ က ပြသရုပ်ဆောင်နိုင်အောင်ရေးဖွဲ့တဲ့ စာပေမျိုး ဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာလည်း ဝတ္ထုတိုလေ့လာတုန်းကလိုပဲ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင် ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ် ဆရာရဲ့ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ် ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။

သာဓကအနေနဲ့ မြန်မာစာပရိဂရက်(စ်)ဖြစ်ဖို့ ပြဇာတ်ကို လေ့လာတင်ပြပါမယ်။ ဒီပြဇာတ်မှာ မြန်မာစာပြဆရာတွေဟာ မိခင်မြန်မာစကား ဖွံ့ဖြိုး တိုးတက်ဖို့ တိုင်ပင်ဆွေးနွေးကြတဲ့အခါ လူအထင်ကြီးဖို့ အင်္ဂလိပ်စကားကို ဖောဖောသီသီသုံးနေပုံကို သရော်လိုတဲ့ ရည်ရွယ်ချက်ကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်ကို ပေါ်လွင်စေဖို့အတွက် ပြဇာတ်အစမှအဆုံးထိ ဇာတ်ဆောင်တွေရဲ့ အပြန်အလှန် ပြောစကားတွေမှာ မလိုအပ်ဘဲ အင်္ဂလိပ် စကားလုံးတွေကို မြန်မာစကားနဲ့ တွဲစပ်သုံးနေပုံကို ဇာတ်ဆောင်တွေရဲ့စရိုက် ပေါ်လွင်အောင် ရေးဖွဲ့ထားတယ်။ ပြဇာတ်တစ်ပုဒ်လုံးမှာ အင်္ဂလိပ်လိုညှပ် ပြောရမှ ဂုဏ်ရှိတယ်၊ အဆင့်မြင့်တယ်လို့ ထင်နေကြတဲ့ မြန်မာစာပြဆရာတွေ ရဲ့ အဆီအငေါ် မတည့်တဲ့ အမူအကျင့်စရိုက်သဘာဝကို သရော်လှောင်ပြောင် ထားတယ်။ အပြောနဲ့လက်တွေ့ ကွာခြားတတ်တဲ့ လူ့သဘော လူ့သဘာဝကို သိမြင်လာစေတယ်။

ပြဇာတ်ရဲ့ နောက်ခံကာလဒေသကိုတော့ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်း စကားတွေကတစ်ဆင့် ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ သရော်သံတွေနဲ့ ဟာသမြောက်အောင် ဇာတ်ညွှန်းစကားတွေနဲ့ ရေးဖွဲ့ထား တာကို လေ့လာတွေ့ရမှာ ဖြစ်ပါတယ်။

ပြဇာတ်မေးခွန်းအနေနဲ့တော့ ဝတ္ထုတို မေးခွန်းမှာလိုပဲ ရည်ရွယ်ချက်နဲ့ ရည်ရွယ်ချက်ရောက်အောင် ရေးဖွဲ့ထားပုံတွေ၊ ဇာတ်ဆောင်စရိုက်တွေ၊ ဘဝ အသိအမြင်တွေ စတာတွေကိုပဲ မေးလေ့ရှိပါတယ်။ ပြဇာတ်မေးခွန်းဖြေဆိုရာ မှာ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်း နဲ့ အံဝင်ခွင်ကျဖြစ်အောင် မိမိကိုယ်ပိုင် အရေးအသားအတင်အပြနဲ့ ဖြေဆိုဖို့ပဲ ဖြစ်ပါတယ်။ ပေးမှတ်(၁၅)မှတ် ဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝ ခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ငါးရာ့ငါးဆယ် နိပါတ်တော် မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ မူရင်းပျို့စာမှာ စာကိုယ်ပိုဒ်ရေ(၁၈၉)ပိုဒ်၊ နိဂုံးပိုဒ်ရေ(၄)ပိုဒ် စုစုပေါင်း(၁၉၃)ပိုဒ်ပါရှိပေမယ့် ကျောင်းသားများအတွက် အပိုဒ်(၁)မှ (၇၁)ထိကိုပဲ ပြဋ္ဌာန်းထားတာ ဖြစ်ပါ တယ်။

ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင် ဘဝအတွေ့ အကြုံနဲ့ စာပေအသိအမြင်စုံလင် ကြွယ်ဝတဲ့အရွယ်ကို ရောက်နေပြီဖြစ်လို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာတွေများစွာ ပါဝင်လာပါတယ်။ အရေးအဖွဲ့၊ အကြောင်းအရာ၊ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ သံဝရပျို့ဖတ်စာအုပ်နိဒါန်းမှာ ပါရှိတဲ့ ပျို့လေ့လာနည်းတွေကို အသေအချာ ဖတ်ရှုလက်စွဲပြုပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်း ဆိုပြီး ကဏ္ဍသုံးခုခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာအကြောင်းအရာတွေကို ဖတ်စာအုပ်နိဒါန်းမှာ အကျဉ်းမျှ ခွဲပြထားပါတယ်။

အကြောင်းအရာ လေ့လာရာမှာ အခန်းအလိုက်ပါဝင်တဲ့ အကြောင်းအရာ တွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍ ခွဲကြည့်မယ်ဆိုရင်–

(၁) မြတ်စွာဘုရားဟောရခြင်းအကြောင်း
(၂) သားတော်ကြီးများ ဇနပုဒ်အသီးသီးရခြင်း
(၃) ဆရာအမတ်နှင့် ပထမအကြိမ်တိုင်ပင်ခြင်း
(၄) ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခြင်း
(၅) ဆရာအမတ်နှင့် ဒုတိယအကြိမ်တိုင်ပင်ခြင်း
(၆) ဆရာအမတ်နှင့် တတိယအကြိမ်တိုင်ပင်ခြင်း

ဆိုပြီးတော့ ခွဲခြားနိုင်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့ စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့ လိုပါ တယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင်သုံးဦးကို တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနှင့် သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်သုံးဦးရဲ့ စိတ်နေ သဘောထား၊ ပြုမူ ပြောဆိုပုံနဲ့အရည်အသွေးတွေကို မိမိရဲ့အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ ရူပကအလင်္ကာ အဖွဲ့တွေ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ် လှပတဲ့အဖွဲ့ကောင်း တွေ၊ စကားပုံတွေ၊ ဆိုရိုးစကားတွေ စတာတွေရဲ့ အနက်အဓိပ္ပာယ်တွေကိုလည်း အသေးစိတ် ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်လည်ရှင်းလင်း ဖြေဆို နိုင်ရပါမယ်။

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

သာဓကအနေနဲ့-

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့ မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့ သမင်ဟာ လူအနားကို အလွယ်တကူ ကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့ လျင်မြန်တဲ့ သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ(၇)ရက် ပုန်းနေလေ့ ရှိပါတယ်။ အဲဒီလို ဝါတာမိဂ သမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကိုကပ်လာတယ်လို့ ဆိုလိုကြောင်း အပြည့်အစုံ ပြောရပါမယ်။

သံဂရပျို့မှာ ပျို့စာသားများကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့များလည်း များစွာပါဝင်ပါတယ်။ သာဓကအနေနဲ့ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့အဖွဲ့တွေ၊ " ငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့တွေဟာ မြန်မာလူမှုနယ်ပယ်မှာ ဆိုရိုးစကားအဖြစ်နဲ့ အသုံးတွင်ကျယ်နေပါပြီ။

နောက်လေ့လာရမယ့် အချက်တစ်ချက်ကတော့ ပျို့လာအသုံးအနှုန်းစကားလုံးများ ဖြစ်ပါတယ်။ သံဂရပျို့ဟာ အင်းဝခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ပျို့ဖြစ်တဲ့အတွက်ကြောင့် အင်းဝခေတ်သုံးစကားလုံးများကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးများပါဝင်နေတာကို တွေ့ရပါတယ်။ ဒီစကားလုံးတွေကို လေ့လာရတာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

သာဓကအနေနဲ့ " စိုက်စိုက်" "စင်းလျဉ်း" " ယဉ်မိန်း" "အုတ်ထွေ" "တံ့ပယ်"ဆိုတဲ့ စကားလုံးတွေကို လေ့လာကြည့်မယ်ဆိုရင်-

"စိုက်စိုက်" ဆိုတာ စူးစူး၊ ဖြောင့်ဖြောင့်
"စင်းလျဉ်း" ဆိုတာ အဆက်မပြတ်
"ယဉ်မိန်း" ဆိုတာ သိမ်မွေ့ငြိမ်သက်စွာ
"အုတ်ထွေ" ဆိုတာ အများ
"တံ့ပယ်" ဆိုတာ ခေါက်တုံ့ခေါက်ပြန်

စတဲ့ ဒီနေ့ခေတ်မှာ မသုံးတော့တဲ့ ရှေးသုံးစကားလုံးတွေရဲ့ အသုံးနဲ့ အဓိပ္ပာယ်ကို စိတ်ဝင်စားဖွယ် တွေ့ရမှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ သံဂရပျို့မေးခွန်းအနေနဲ့ မေးခွန်း(၂)မှာ မေးတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ၂(က) နဲ့ ၂(ခ) ဆိုပြီး ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာ ဖြစ်တယ်။ (၁၀) မှတ်ပေးတဲ့မေးခွန်း ဖြစ်ပါတယ်။ ၂ (ခ)မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံးအလိုက်အကြောင်းအရာ၊အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာဖြစ်ပါတယ်။ (၁၅)မှတ်ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်း သာဓကအနေနဲ့တော့ ၂ (က)မှာ သံဂရပျို့အရ ရှင်းပြပါဆိုပြီး "ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥဆန်ချောင်၊ ကျန်သောယောင်သို့"၊ "တိမ်ကြားမိုးလယ်၊ လျှပ်နှယ်တပြက်၊ ပြိုးတပြွက်မျှ၊ ချာန်မဂ်ရမည်၊ ရိပ်ခြည်မထင်" စတဲ့ ပျို့စာသားတွေကို ပေးထားမှာ ဖြစ်ပါတယ်။

မေးခွန်း၂(ခ)မှာ သံဂရပျို့မှ ဆရာအမတ်ကြီး၏စရိုက်(သို့မဟုတ်)သံဂရပျို့မှ ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့ စွမ်းရည်စသဖြင့် မေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ဖြေဆိုရာမှာ ပျို့ပါအချက်အလက်တွေကို မိမိတို့ရဲ့ကိုယ်ပိုင်အရေးအသား အတင်အပြနဲ့ဖြေဆိုကြရမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်း ဖြစ်ပါတယ်။ မြန်မာကဗျာဖွဲ့နည်းစာအုပ်ရဲ့ အမှာစာမှာ ဖော်ပြထားတဲ့ ကဗျာရဲ့ သဘော၊ ကဗျာ စပ်နည်းအမျိုးမျိုး၊ ကဗျာစပ်နည်းရဲ့ အခြေခံလေးလုံး စပ်နည်း၊ သံပေါက်စပ်နည်း၊ အချိုးကဗျာများ စပ်နည်းတို့အကြောင်းနဲ့ လေ့လာသင်ကြားရန်လမ်းညွှန်ချက်များ စတာတွေကို သေသေချာချာ လေ့လာထားဖို့လိုပါမယ်။ ကဗျာဖွဲ့နည်းများမှာတော့ -

ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ် ဆိုတဲ့ ကဗျာအမျိုးအစား(၈)မျိုးကို ဖော်ပြထားပါတယ်။ အဲဒီကဗျာ(၈)မျိုးရဲ့ ဖွဲ့နည်းကဗျာတွေကို ဖော်ပြရာမှာ သက်ဆိုင်ရာ ကဗျာအမျိုးအစားရဲ့ အခေါ်အဝေါ် အဓိပ္ပာယ်တွေ၊ စပ်နည်းတွေ၊ ဖွဲ့စပ်တဲ့သာဓကပုံစံတွေ၊ လေ့ကျင့်ခန်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်တွေကို စိတ်ဝင်တစား စေ့စေ့စပ်စပ် လေ့လာထားမယ်ဆိုရင် ကဗျာဖွဲ့နည်းကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ကဗျာစပ်နည်း အမျိုးမျိုးထဲကမှ ထူးခြားတဲ့ ကာရန်ယူစနစ်တွေ ဖြစ်တဲ့ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်အကြောင်းတွေ၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ဖို့အတွက် ဇဂနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို လေ့လာမှတ်သားရမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ပုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာ ဖြစ်တယ်။ (၄)ခု ပေးထားပြီး(၂)ခု ဖြေရပါမယ်။ (၁၀)မှတ်ပေးပါတယ်။ မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ် ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ (၁၅)မှတ်ပေးတဲ့မေးခွန်း ဖြစ်ပါတယ်။

မေးခွန်း ၃(ခ) ကဗျာကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ရှင်းပြဖြေဆိုပုံကို တင်ပြပါမယ်။ စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့နဲ့ သင်္ကေတပြု ဖော်ပြရမှာ ဖြစ်ပါတယ်။

- » စာသား - -
- » ပိုဒ်တွင်းကာရန် - ✻
- » အချိုးသတ်ကာရန် - +

သာဓကအနေနဲ့ ဒွေးချိုးကဗျာတစ်ပုဒ်ရဲ့ကာရန်ယူပုံကို လေ့လာတင်ပြပါမယ်။

"ရွှေကျီးရယ်သာ
ညှော့်လာရော့သလား။
ခန်းဂကကြို
ခင်လေးရွှေရင်ဖိုခိုက်
ကျီးညိုကနား။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမယ်။

"သာ"နဲ့ "လာ"တို့ဟာ ပထမပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေ ဖြစ်တာကြောင့် ခရေပွင့်ပြရမှာ ဖြစ်တယ်။ "လား" ကတော့ ပထမပိုဒ်ရဲ့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်)ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာ ဖြစ်ပါတယ်။

"ကြို"နဲ့"ဖို"၊ "ဖို" နဲ့ "ညို" တွေကတော့ ဒုတိယပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေ ဖြစ်လို့ ခရေပွင့် ပြရပါမယ်။"နား"ကတော့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တာကြောင့် အပေါင်းလက္ခဏာသင်္ကေတနဲ့ပြရမှာ ဖြစ်ပါတယ်။

သင်္ကေတတွေကို အောက်ပါပုံစံနဲ့ ပြရမှာဖြစ်ပါတယ်။

- - - (✻)
- (✻) - - (+) ။
- - - (✻)
- - - - (✻) -
- (✻) - (+) ။

စိတ်ကြိုက်မြန်မာစာရဲ့ ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကတော့ မြန်မာစာပေသမိုင်း ဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းရဲ့ခေတ်တွေထဲက ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ နဝမတန်းမှာ လေ့လာသင်ယူပြီးဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာတော့ နောက်ပိုင်းနှစ်ခေတ်ဖြစ်တဲ့ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။

စာပေသမိုင်းတစ်လျှောက်မှာ ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်တွေ အလေးပေးပုံတွေ ပြောင်းလာပုံ၊ အကြောင်းအရာတွေ ကျယ်ပြန့်လာပုံ၊ စာဆိုတွေ စာပေပုံသဏ္ဌာန်တွေ တစ်စတစ်စ တိုးပွားလာပုံတွေကို လေ့လာထားရမှာ ဖြစ်ပါတယ်။

မြန်မာစာပေသမိုင်း စာမေးပွဲမေးခွန်းအနေနဲ့တော့ မေးခွန်းနံပါတ်(၄)မှာ မေးပါတယ်။ မေးခွန်း နံပါတ်(၄)မှာလည်း အခြားမေးခွန်းတွေမှာလိုပဲ (က) နဲ့(ခ)ဆိုပြီး ပုဒ်ခွဲ(၂)ပုဒ်ပါဝင်ပါတယ်။ မေးခွန်း ၄(က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ ဖြစ်ပါတယ်။ (၁၀)မှတ်ပေးပါတယ်။ မေးခွန်း၄(ခ)ကတော့ ဆွေးနွေးတင်ပြရတဲ့ ရှင်းလင်းဖြေဆိုရတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁၅) မှတ်ပေးပါတယ်။

မေးခွန်း ၄(က) မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းမှာ(၈)ခုမေးထားပြီး (၅)ခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကို မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျဖြေရပါမယ်။ မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို သာဓကအနေနဲ့ တင်ပြသွားပါမယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။
ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း။
ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းအရင်းကို ဖော်ပြပါ။
လောကဗျူဟာ ကျမ်းရေးသူ၏အမည်ကို ဖော်ပြပါ။
ပထမဆုံးမြန်မာသတင်းစာ၏အမည်သည် အဘယ်နည်း။

အစရှိတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို ဖြေတဲ့အခါမှာအဖြေဟာ တိကျဖို့ လိုအပ်ပါတယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း - ဆိုတဲ့ ဓမ္မဓိဋ္ဌာန်မေးခွန်းကိုဖြေရင် "ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း (၁၃၀)ကျော် ကြာမြင့်သည်"လို့ ဖြေရမှာ ဖြစ်တယ်။

ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း - ဆိုတဲ့မေးခွန်းကို " ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝ ဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်"လို့ ဖြေရပါမယ်။

ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကိုဖော်ပြပါ - ဆိုတဲ့ မေးခွန်းကိုတော့ " ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းမှာ ပရိသတ် စိတ်ညွတ်နူးဖွယ် ဖွဲ့နွဲ့ရေးသားထားသောကြောင့်ဖြစ်သည်" လို့ ဖြေရပါမယ်။

"လောကဗျူဟာကျမ်း ရေးသူ၏အမည်သည် အင်ရုံဝန်ကြီးဖြစ်သည်။"

"ပထမဆုံးမြန်မာသတင်းစာသည် ဓမ္မသတင်းစာဖြစ်သည်။" စသဖြင့် အတိအကျ ပြည့်ပြည့်စုံစုံ ဖြေရပါမယ်။

မေးခွန်း ၄(ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချိုင့်ဆွေးနွေးရတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓက ပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတ သီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ" ဆိုတဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့ စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်း ကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာတော့ အချက်အလက်တွေကို မိမိကိုယ်ပိုင်အရေးအသား အတင်အပြနဲ့ ပြေပြေပြစ်ပြစ် ရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာအုပ်(၄)အုပ်မှာ (၁)အုပ်ကို(၁)ပုဒ် မေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းအားလုံးဖြေဆိုဖို့ အရေးကြီးပါတယ်။ ပြဋ္ဌာန်းစာအုပ်(၄)အုပ်လုံးကို စိတ်ပါဝင်စားစွာနဲ့ စနစ်တကျ လေ့လာကျက်မှတ်ထားမယ်ဆိုရင် မေးခွန်းအားလုံးကို အခက်အခဲမရှိ ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ထူးချွန်စွာ ဖြေဆိုနိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ လှမ်းကိုင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

စာမျက်နှာ ၂၀ မှ

LSE မှ ၂၀၁၇ ခုနှစ်၌ ကျောင်းသားနေရာ ၁၅၀၀၀ အတွက် ကျောင်းသား လျှောက်လွှာ ၁၇၀၀၀ လက်ခံခဲ့ပြီး စီးပွားရေးပညာ၊ စီမံအုပ်ချုပ်မှုပညာနှင့် ဥပဒေပညာတို့ဖြင့် ဘွဲ့လွန်တန်းများ တက်ရောက်ရန် လက်ခံသည့် ကျောင်းသားအရေအတွက်မှာ ၇ ရာခိုင်နှုန်း အောက်၌သာ ရှိပါသည်။ Nelson Mandela နှင့် George Soros တို့အပါအဝင် ထင်ရှားကျော်ကြားသည့် ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စီးပွားရေးပညာရပ်ဆိုင်ရာပုဂ္ဂိုလ်များသည် LSE ၏ ဂုဏ်သတင်းကြီးသည့် သင်ခန်းစာများ ပို့ချမှုအစီအစဉ်တွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေ ရေးဆွဲသူ B.R. Ambedkar မှာ ၎င်း၏ ပါရဂူကျမ်းအား LSE ၌ ရေးသားပြုစုခဲ့ပါသည်။

အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ ပြီးပြည့်စုံစေရန်အတွက် နိုင်ငံ ပေါင်း ၈၈ နိုင်ငံမှ တက္ကသိုလ်ပေါင်း ၈၈၉ ခု ၏သဘောတူ လက်မှတ်ရေးထိုးထားသော Magna Charta Universitatum အရ ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်မှုနှင့် သင်တန်းများပို့ချရာ၌ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်တို့ ရရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟုဆိုရာတွင် ပညာရပ်ဆိုင်ရာ ဝန်ထမ်းများမှ မည်သူတို့အား ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ တက္ကသိုလ်ဒုတိယအဓိပတိနှင့် အဓိပတိရာထူးများအား ခန့်အပ်ရန် ပြောကြားပိုင်ခွင့်ရှိပြီး တက္ကသိုလ်ပညာရေး အဖွဲ့များမှလည်း ပညာရပ်များနှင့် အသိပညာရပ်ပိုင်းဆိုင်ရာ မူဝါဒများအား ထိန်းချုပ်ပိုင်ခွင့်ရှိပါသည်။ ထို့အပြင် ပညာရပ်နယ်ပယ်နှင့် ပတ်သက်၍ ပညာရှင်များအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်နှင့် လုပ်ပိုင်ခွင့်ပေးထားသည့်အတွက် ပညာရပ်နယ်ပယ်တွင် ကျွမ်းကျင်မှုနှင့် ထူးချွန်မှုတို့အား ဖြစ်ပေါ်စေပါသည်။

ဗြိတိန်တက္ကသိုလ်များ၏ ထူးချွန်ပြောင်မြောက်မှုကို ကမ္ဘာတစ်ဝန်းမှ အသိအမှတ်ပြုကြသော်လည်း ယင်းအခြေနေအား ဆက်လက်ထိန်းထားနိုင်ရန်မှာ လူပုဂ္ဂိုလ်များ၊ အတွေးအခေါ်နှင့်ပညာရပ်များ နိုင်ငံအတွင်းသို့ ဝင်ရောက်လာရေးမှာ အလွန်အရေးကြီးပါသည်။ ထို့အပြင် သုတေသနနှင့် သင်ကြားရေးအတွက် တက်ကြွစွာဆောင်ရွက်မည့် ပတ်ဝန်းကျင်ကောင်း လိုအပ်ပြီး Brexit အပြီး ဗြိတိန်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ စွမ်းရည်ထက်မြက်သူများအား ဗြိတိန်တက္ကသိုလ်များ၌ ဆက်လက်တာဝန်ထမ်းဆောင်ရေးအတွက် ထိန်းထားနိုင်ရန်နှင့် လူသစ်များလည်း ထပ်မံစုဆောင်းရန်မှာ အထူးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

## အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂** - ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသည် ရန်ကုန်မြို့ရှိ အများပြည်သူစုဝေးရာနေရာများ၌ ပြည်သူများ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိစေရန် နေ့စဉ်ကွင်းဆင်း အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ Spring Line ဟိုတယ်၌ ရောဂါကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးခြင်း ဆောင်ရွက်သည်။ အလားတူ ကြည့်မြင်တိုင် စံပြငါးဈေးသို့ ကွင်းဆင်း၍ ဈေးသူဈေးသားများအား ကျန်းမာရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများ အသိပညာပေးဆွေးနွေးမှုနှင့်အတူ လက်ဆေးနည်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများတွေ့ရှိပါက အမြန်ဆုံးဆက်သွယ်နိုင်ရန် အသိပညာပေးခဲ့သည့်အပြင် စက်ရုံများတွင်လည်း အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



**ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ သောက်သုံးရေသွယ်တန်းထားသော ရေအရင်းအမြစ်နေရာများတွင် ရေခန်းခြောက်မှုမရှိစေရန်နှင့် သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရန်အတွက် သတိပေးဆိုင်းဘုတ်များကို ဖေဖော်ဝါရီ ၂၀ ရက်က စိုက်ထူခဲ့ကြစဉ်။**

(အဆိုပါ သတိပေးဆိုင်းဘုတ်များကို ဆွမ်ပရာဘွမ်မြို့သို့ သောက်သုံးရေသွယ်တန်းထားသော ရေအရင်းအမြစ် ရေထွက်နေရာ လေးခု၌ စိုက်ထူခဲ့ပြီး တောင်ယာခုတ်ခြင်း၊ သစ်ပင်ခုတ်ခြင်းတို့ကြောင့် ရေခန်းခြောက်မှုမရှိစေရန်နှင့် သစ်တောသစ်ပင်များ သဘာဝအတိုင်း စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ စိုက်ထူရခြင်းဖြစ်ကြောင်း သိရသည်။)

**ဖုန်ကန်(ပူတာအို)**

## ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ) ၂၀၂၀ ပြည့်နှစ် မတ် ၄ ရက်မှ မတ် ၉ ရက်အထိ ဘုရားတပေါင်းပွဲကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ ရက်)၂၀၂၀ ပြည့်နှစ် မတ် ၇ ရက် ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟများ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်သို့ လာရောက်လည်ပတ်နိုင်ပါရန်နှင့် (ဓနုဆုံစည်းရာနေ့တွင်) ဒေသခံဓနုတိုင်းရင်းသားအဆိုတော်များ၊ MRTV 4 မှ မင်းသား မင်းသမီးများ၊ပင်းတယမြို့မှ Lucky Boys တေးဂီတအဖွဲ့မှလည်း အားဖြည့်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး တပေါင်းလပြည့်ကျော် ၁ ရက်(၉-၃-၂၀၂၀) ရက် ညတွင် အဆိုတော် ဖြိုးပြည့်စုံ၊ ဖိုးပြည့်(Homies Band)၊ မူးလာ(MMID4)၊ ဇူးလူး(Temberance Band)၊ ခွန်ဖြူ (Thousand Band)၊Jewel နှင့် ယွန်းတို့မှလည်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့**

## စက်မှုလယ်ယာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနရှိ ပင်မပစ္စည်းသိုလှောင်ရုံအဆင့် (က)၊ ကျိုက္ကလို့-ရန်ကုန်မြို့ရှိပစ္စည်းအဟောင်းအပျက်များအား LOT(၃)ခုဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | LOTအရေအတွက် |
|---|---|---|
| ၁ | ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(က)၊ကျိုက္ကလို့-ရန်ကုန်မြို့ | LOT(၃)ခု |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၈-၂-၂၀၂၀ရက်(ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၂၀ရက်(၁၁:၀၀)နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
၅။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၂၀ရက် မွန်းလွဲ(၁:၀၀)နာရီ
၆။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - အမှတ်(၁)အလတ်စားစက်ပြင်အလုပ်ရုံ၊ ပျဉ်းမနားမြို့
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၂၄၅၊ ၀၆၇-၃၄၃၁၂၄၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်ပါသည်-
- (က) တောင်ကြီးမြို့၊ မြို့မရပ်ကွက်(ဘုရားကြီးအတက်လမ်းမှ မြောက်ကျောင်းလမ်းဆုံတံတား)အထိ ရေထုတ်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း
- (ခ) တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက် မြင့်မိုရ်လမ်း(ချယ်ရီကွင်းဟိုတယ်) အနီး ရေမြောင်းဖြောင့်ခြင်းလုပ်ငန်း
- (ဂ) ကျိုင်းတုံမြို့၊ နောင်တုံကန်ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း
- (ဃ) ကျိုင်းတုံမြို့၊ နောင်ခမ်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၄-၂-၂၀၂၀ရက်မှ ၂၄-၃-၂၀၂၀ရက်အထိ(ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၂၅-၃-၂၀၂၀ရက်၊ ဗုဒ္ဓဟူးနေ့
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့
**တင်ဒါဖွင့်လှစ်မည့်ရက်** - သီးခြားအကြောင်းကြားပါမည်။
၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest-EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ထောက်ပံ့ငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပင်မရေနုတ်မြောင်း (Main Drain) အသစ်ဖော်ထုတ်ပြီး ရေလွှဲထုတ်နိုင်ရေး ဆောင်ရွက်လိုပါသဖြင့်မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှဆောင်ရွက်မည့် လုပ်ငန်းနှင့်ပုံစံများကိုစိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)တင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။
၂။ ပင်မရေနုတ်မြောင်းအသစ်ဖော်ထုတ်ခြင်းလုပ်ငန်းအား တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းဘေးတစ်လျှောက်(မြင်းစီးရုပ်မှ သပြေပင်ပန်းခြံအထိ) ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့်ကုမ္ပဏီသည် အောက်ဖော်ပြပါအချက်အလက်များအပေါ်အခြေခံ၍အဆိုပြုမည့်ဒီဇိုင်းပုံစံများ၊ မြေပြင်တိုင်းတာချက်များ၊ အသေးစိတ်အစီအမံများပါဝင်သော စီမံချက်ရေးဆွဲ၍မိတ္တူ (၃)စုံဖြင့် လျှောက်ထားရမည်။
၃။ စိစစ်ရွေးချယ်ရေးကော်မတီအား မိမိလုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် (Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။
၄။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။
၅။ အဆိုပြုလွှာများကို ၂၁-၃-၂၀၂၀ ရက် ညနေ(၄:၀၀)နာရီနောက်ဆုံးထား၍ စိစစ်ရွေးချယ်ရေးကော်မတီ(ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနရုံး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့တင်သွင်းနိုင်ပါသည်။
၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅တွင် ရုံးချိန်အတွင်းရယူနိုင်ပါသည်။

**တောင်ကြီးမြို့ရေစီးရေလာကောင်းမွန်ရေးကြီးကြပ်မှုကော်မတီ**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ သိုလှောင် ရုံ(၁၁)လုံး၊ ဝန်ထမ်းအိမ်ရာ(၅)လုံး၊ ခေတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ခြံစည်းရိုး(၁၂၅၅')တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြေမပါ)ထုခွဲ ရောင်းချမည်ဖြစ်ပါသည်။

Lot(1) (က) ရေကြည်မြို့နယ်၊ အသုတ်မြို့ရှိ သိုလှောင်ရုံ(၁)လုံး၊ ဝန်ထမ်းအိမ်ရာ (၅)လုံး၊ ခေတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ထရန်စဖော်မာ(100 KVA)၊ အုတ်တံတိုင်း(၁၂၅၅')
Lot(2) (ခ) ဟသ်ာတမြို့နယ်၊ ကျောင်းကွင်းရပ်ကွက်ရှိ ADB-၁ သိုလှောင်ရုံ(၁)လုံး
Lot(3) (ဂ) ဟသ်ာတမြို့နယ်၊ သုံးပင်ကွင်းကျေးရွာရှိ ADB-၄ သိုလှောင်ရုံ(၁)လုံး
Lot(4) (ဃ) ဟသ်ာတမြို့နယ်၊ ရှားခဲကျေးရွာရှိ ADB-၂ သိုလှောင်ရုံ(၁)လုံး
Lot(5) (င) ကျောင်းကုန်းမြို့နယ်၊ ဒေါင့်ကြီးကျေးရွာရှိ မြဲ-၇၊ ၈၊ ၉၊ ၁၀၊ သိုလှောင်ရုံ(၄)လုံး
Lot(6) (စ) အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ရှိ မြဲ-၃၊ ၄သိုလှောင်ရုံ(၂)လုံး
Lot(7) (ဆ) ဓနုဖြူမြို့နယ်၊ ခနောင်ရိုက်ကျေးရွာရှိ မြဲ-၁၅ သိုလှောင်ရုံ(၁)လုံး

၂။ **တင်ဒါရောင်းချမည့်ရက်/အချိန်** - ၂၄-၂-၂၀၂၀ရက်မှ ၂၃-၃-၂၀၂၀ရက်ထိ ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
၄။ **Deposit ပေးသွင်းနိုင်သည့်ဘဏ်များ** - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
၅။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်** - ၂၄-၃-၂၀၂၀ရက်မှ ၂၅-၃-၂၀၂၀ရက်ထိ
P.O Cheque တင်ပြရမည့်ရက်/နေရာ - ရုံးအမှတ်(၅၂)၊ နေပြည်တော်
**တင်ဒါတင်သွင်းရမည့်ရက်/နေရာ** - ၂၆-၃-၂၀၂၀ရက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်
**တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း**- ၂၆-၃-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၆။ အဆိုပါ သိုလှောင်ရုံ(၁၁)လုံး၊ ဝန်ထမ်းအိမ်ရာ(၅)လုံး၊ ခေတ်ခွဲခန်း(၁)လုံး၊ မီးစက်(၁)လုံး၊ ခြံစည်းရိုး(၁၂၅၅')တို့၏ မျက်မြင်အခြေအနေ အားသက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၂-၂၄၅၂၃၊ ၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၂၈၁၂၆ Honda Wave 100ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်အေးဝင်း ၁၀/ကမရ(နိုင်)၀၇၅၇၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

